# MYANTRADE

# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၁၁/၂၀၂၄

## ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- မြို့သစ်မြို့နယ်၌ ပဲတီစိမ်းသီးနှံ စိုက်ပျိုးထားရှိမှုနှင့် ဈေးနှုန်းဈေးကွက်
- မကွေးမြို့နယ်၊ ကရင်ကျေးရွာ၌ ထောပတ်ပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ
- မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ပြောင်းဖူးများ လှိုင်လှိုင်ပေါ်
- ပီလောပီနံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးနှုန်းဈေးကွက်
- ရာသီစာ မှိုဥနက်များ မုံရွာဈေးကွက်သို့ အများအပြားဝင်ရောက်
- မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ နနွင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ နနွင်းဖူးများ ဈေးကောင်းရ

### နိုင်ငံတကာဈေးကွက်

- ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ၉ လ အတွင်း ၂၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့
- ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း ဆန်တန်ချိန် ၄ ဒသမ ၉ သန်းခန့်အထိ တိုးမြှင့်တင်သွင်းနိုင်ကြောင်းခန့်မှန်း
- အိန္ဒိယအဓိကဆိပ်ကမ်းများရှိ ပြည်ပသို့တင်ပို့မည့် ဆန်ဖြူနှင့် ပေါင်းဆန်များကို အကောက်ခွန်ဌာနမှ ထိန်းသိမ်း၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိ
- အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုဆိုင်ရာ ကန့်သတ်ချက်ကို ပယ်ဖျက်လိုက်ခြင်းကြောင့် ထိုင်းဆန်ဖြူ ပြည်တွင်းဈေးနှုန်း ကျဆင်းနိုင်ဖွယ်ရှိ
- ပေါင်းဆန် လွတ်လပ်စွာတင်ပို့ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ
- အိန္ဒိယမှ ဆန်ဖြူအပေါ်သတ်မှတ်သည့် Minimum Export Price အား လျှော့ချလိုက်ခြင်းကြောင့် ဆန်ဈေးနှုန်းများ ကျဆင်းလာဖွယ်ရှိ
- ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ပထမနှစ်ဝက်အတွင်း ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှု တန်ဖိုး ၇၃ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည့် အိန္ဒိယနိုင်ငံ
- အိန္ဒိယအစိုးရသည် မိုးရာသီ သီးနှံ ၇ မျိုးအတွက် အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်းကို တိုးမြှင့်သတ်မှတ်ပေး
- ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမကိုးလအတွင်း သဘာဝရော်ဘာအစေး ပြည်ပတင်ပို့ရောင်းချခြင်းမှ ဝင်ငွေ ကန်ဒေါ်လာ ၃၉၄ သန်းရရှိ
- ဂျပန်နိုင်ငံအနေဖြင့် တောင်ကိုရီးယားနှင့် အီတလီနိုင်ငံတို့နှင့်ပူးပေါင်းကာ ရေနံဓာတ်ငွေ့ရည်ရရှိမှု ချဲ့ထွင်နိုင်ရေး ဆောင်ရွက်သွားမည်
- ဘက်စုံကုန်သွယ်မှုဆိုင်ရာစနစ်နှင့် လွတ်လပ်စွာကုန်သွယ်မှုတို့ကို မြှင့်တင်ဆောင်ရွက်မည်ဟု ကမ္ဘောဒီးယား ဝန်ကြီးချုပ်ပြောကြား
- ထိုင်းနိုင်ငံ၌ တာယာထုတ်လုပ်မှုကိုမြှင့်တင်ရန် ဂျာမနီအခြေစိုက် Continental AG က ဘတ် ၁၃ ဒသမ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံမှု ပမာဏ တိုးမြှင့်ခဲ့ကြောင်း ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က ပြောကြား

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- ထိုင်းနိုင်ငံ၏ အထူးကော်ဖီ (Specialty Coffee) ဈေးကွက်ကို မြှင့်တင်သွားမည်ဖြစ်ကြောင်း Specialty Coffee Association of Thailand (Scath) က ပြောကြား
- တရုတ်နိုင်ငံက စီးပွားရေးမြှင့်တင်ရန် မူဝါဒသစ်များချမှတ်ခဲ့
- လုပ်ငန်းပိတ်သိမ်းမှုတိုးမြင့်လာချိန်တွင်SMEsလုပ်ငန်းများအတွက်အကူအညီပိုမိုပေးနိုင်ရန် ဟောင်ကောင် ဒေသ အစိုးရစဉ်းစား
- စင်ကာပူနိုင်ငံနှင့် Shandong ပြည်နယ်တို့အကြား အစိမ်းရောင်နှင့် ဒီဂျစ်တယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး စင်္ကြံတည်ထောင်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး
- ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ DHL Express ဈေးနှုန်းများ တိုးမြှင့်တော့မည်
- အီးယူမှတင်သွင်းသည့် ဘရန်ဒီအရက်များအတွက် anti-dumping measures များသည် WTO စည်းမျဉ်းများကို လိုက်နာမှုရှိကြောင်း တရုတ်ကပြောကြား
- ပေကျင်းသည် ယွမ်ငွေကို ကမ္ဘာ့ငွေကြေးအဆင့်ဖြစ်ရန် ရည်မှန်းထားသောကြောင့် ၂၀၂၄ ခုနှစ်၊ ပထမ ၈ လအတွင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် ၂၁ ဒသမ ၁ ရာခိုင်နှုန်းတိုးမြင့်သုံးစွဲခဲ့
- Semiconductor-Grade Polysilicon ထုတ်လုပ်မှုတိုးချဲ့ရန် အမေရိကန်အစိုးရသည် Hemlock Semiconductor ကုမ္ပဏီနှင့် ပဏာမသဘောတူညီခဲ့
- စားသုံးသူအငြင်းပွားမှုများဖြေရှင်းရေး ယန္တရားတစ်ခု ဟောင်ကောင်နှင့် ထိုင်းနိုင်ငံတို့ ထူထောင်
- ထိုင်းနိုင်ငံ၌ အီလက်ထရောနစ်စနစ်တစ်ခု တည်ထောင်သွားရန်ရှိသဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသွားလာရေး လွယ်ကူချောမွေ့စေရေးအတွက် TM6 လူဝင်မှုကြီးကြပ်ရေးဖောင်များတောင်းခံခြင်းကို ၂၀၂၅ ခုနှစ် ဧပြီလအထိ သက်တမ်းတိုး ရပ်ဆိုင်းသွားရန်ရှိ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စင်တင်ဘာလအတွင်း မနေ့သုခ စပါးတင်းရေ ၇၃,၅၀၀ ထိ တင်ပို့ရောင်းချနိုင်
- ပြည်တွင်း ပြည်ပဝယ်လိုအားကြောင့် ကုလားပဲအုပ်စုဝင်ပဲ အမျိုးအစားများ အရောင်းအဝယ်ကောင်းနေ
- မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် MSMEs ကဏ္ဍအရှိန်မြှင့်ဆောင်ရွက်

**ပြည်ပကုန်သွယ်မှုသတင်း**

- MSME ပြည်တွင်းထုတ်ကုန်များ ပြည်ပဈေးကွက်သို့ တိုးချဲ့နိုင်ရန် နိုင်ငံတကာပြပွဲများတွင် လိုက်လံပြသလျက်ရှိ
- မြန်မာနိုင်ငံတွင် ယခုဘဏ္ဍာနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၃၀ ခွင့်ပြု
- Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ကော်ဖီများ ဘယ်လ်ဂျီယံနိုင်ငံသို့ တင်ပို့

**အထူးဆောင်းပါးများ**

- တရုတ်နိုင်ငံ၌ မဏ္ဍာဒေးမီးယားအတွက် ဈေးကွက်အလားအလာကောင်းများရှိနေ
- ရူပီးကို နိုင်ငံတကာမှ လက်ခံအသုံးပြုလာအောင်ဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို များစွာအကျိုးပြု

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

# ပြည်တွင်းဈေးကွက်

## မြို့သစ်မြို့နယ်၌ ပဲတီစိမ်းသီးနှံ စိုက်ပျိုးထားရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်ရှိ ကျေးရွာများတွင် နှမ်း၊ မြေပဲ၊ ဆန်စပါး၊ ကြက်သွန်နီနှင့် ပဲမျိုးစုံသီးနှံတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်းသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ပဲတီစိမ်း အများဆုံးစိုက်ပျိုးလျက်ရှိသည့် ငွေလေး၊ ကွင်း၊ ဖန်ခါးပင်၊ စစ်တလင်း စသည့်ကျေးရွာများတွင် စိုက်ပျိုး ဧကပေါင်း ၂၅၀ ဧကခန့် စိုက်ပျိုးထားသည်။

ပဲတီစိမ်းသီးနှံကို ဩဂုတ်လနောက်ဆုံးပတ်နှင့် စက်တင်ဘာလ၊ ပထမပတ်တွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ရိတ်သိမ်းကြကြောင်း၊ မျိုးစေ့အနေဖြင့် ပဲတီစိမ်း(ကျောက်စိမ်း)ကို အများဆုံး စိုက်ပျိုး ကြကြောင်း၊ တစ်ဧကလျှင် မျိုးစေ့ ၉ ပြည်ခန့်ကုန်ကျပြီး ထွန်ကြောင်းဆွဲ၍ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၅၀၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၈-၂၀ တင်းခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ပဲတီစိမ်းသီးနှံ ပေါ်စအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၅၅,၀၀၀-၆၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ဧကလျှင် ငွေကျပ် ၇၀၀,၀၀၀ ခန့် အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလ၊ ပထမပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၆၀,၀၀၀-၆၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့နှင့် မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ရောင်းချကြပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ပဲတီစိမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ်များပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲတီစိမ်းစိုက်တောင်သူတစ်ဦးထံမှသိရသည်။**DOCA (မကွေး)**

Source: https://commerce.gov.mm/my/article/update-news-local-trade/31798

## မကွေးမြို့နယ်၊ ကရင်ကျေးရွာ၌ ထောပတ်ပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကရင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင်လျက်ရှိပြီး ပဲမျိုးစုံသီးနှံနှင့် အခြားသီးနှံများကို စိုက်ပျိုးလျက်ရှိရာ ထောပတ်ပဲသီးနှံစိုက်ဧက ၈၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ထောပတ်ပဲ (ဆောင်း) သီးနှံကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးကြပြီး ဇန်နဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ထောပတ်ပဲ(ဖြူ) မျိုး၊ ထောပတ်ပဲ(ညို) မျိုးနှင့် ထောပတ်ပဲ(ဖြူကြား) မျိုးများဖြစ်ပြီး ထောပတ်ပဲ(အဖြူ) မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ၍ အတန်းလိုက် အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၁၀ ပြည်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၅ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၅-၂၀ တင်းခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ထောပတ်ပဲ (ဆောင်း) သီးနှံပေါ်စအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၉၈,၀၀၀-၁၀၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့်အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလ၊ ပထမပတ်တွင် ထောပတ်ပဲ(ဖြူ) တစ်တင်းလျှင် ငွေကျပ် ၁၁၀,၀၀၀-၁၃၀,၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးကွက်အနေဖြင့် ဒေသတွင်း ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်များမှ ဝယ်ယူကြသည့်အပြင် မကွေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချ၍ ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့သို့တင်ပို့ကြောင်း၊ ယခုအချိန်တွင်ထောပတ်ပဲ သီးနှံစိုက်ခင်းများမှာ အဖူးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသောကြောင့် ထောပတ်ပဲများ ထွက်ပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များပိုမိုရရှိနိုင်ကြောင်း တောင်သူတစ်ဦးထံမှသိရသည်။
**DOCA (မကွေး)**

Source: https://commerce.gov.mm/my/article/update-news-local-trade/31775

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ပြောင်းဖူးများ လှိုင်လှိုင်ပေါ်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ စားသုံးမှုများပြားသော ပြောင်းဖူး(မိုး)သီးနှံကို ၂၀၂၄ ခုနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၁၁၉၂ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၁၄၀၀ ၊ မြစ်သားမြို့နယ်၌ ၁၈၇၃ ဧက စုစုပေါင်း ၄၄၆၅ ဧကစိုက်ပျိုးခဲ့ကြောင်း၊ ယခုအချိန်တွင် ပြောင်းဖူးသီးနှံများ ရိတ်သိမ်းလျက်ရှိရာ စဉ့်ကိုင်မြို့နယ်၌ ၁၀၃၄ ဧက၊ မြစ်သားမြို့နယ်၌ ၃၆၂ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပြောင်းဖူး(မိုး)သီးနှံကို ဩဂုတ်လတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် စတင်ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့်စိုက်ပျိုးပြီး မျိုးအနေဖြင့် သကြားပြောင်းမျိုးနှင့် ရှမ်းပြောင်းမျိုးများကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၆၀,၀၀၀

ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပြောင်းဖူး အရေအတွက် ၄,၀၀၀ ခန့် ထွက်ရှိပြီး ပြောင်းဖူးတစ်ဖူး လျှင် လက်ကားဈေးငွေကျပ် ၃၀၀ နှုန်းဖြင့် စိုက်ခင်းအထိ လာရောက်ဝယ်ယူကြသည့်ကုန်စိမ်းပွဲစားများသို့ ရောင်းချကြသည့် အပြင် ကျောက်ဆည်မြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ တစ်ဧကလျှင် ငွေကျပ် ၉၄,၀၀၀ ခန့်အမြတ်ရရှိပြီး ယခုနှစ်တွင် ပြောင်းဖူးဈေးနှုန်း ကောင်းမွန်သည့်အတွက် တောင်သူများ အကျိုးအမြတ်ရရှိကြကြောင်း သိရသည်။

Source: မြန်မာ့အလင်းသတင်းစာ, Source: https://myantrade.gov.mm/article/naypyitaw-24102024_1050

## ပီလောပီနံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးနှုန်းဈေးကွက်

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် လေးမျက်နှာမြို့နယ်အတွင်းရှိကျေးရွာများတွင်ပီလောပီနံ ကိုစိုက်ပျိုးကြပြီး ဟင်္သာတမြို့နယ်တွင် ၃,၇၅၆ ဧက၊ ဇလွန်မြို့နယ်တွင် ၆ ဧက၊ လေးမျက်နှာမြို့နယ်တွင် ၅,၅၀၉ ဧက၊ စုစုပေါင်းစိုက်ဧက ၉,၂၇၁ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပီလောပီနံသည် ရေမတင်သဲဆန်သည့်မြေများတွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပြီး မြေပုံ၍ စိုက်ပျိုးခြင်းနှင့် ဘောင်ခတ် စနစ်ဖြင့် စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြကြောင်း၊ ပီလောပီနံကို မေလတွင် စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလကုန်တွင် စတင် တူးဖော်ရကြောင်း၊ မျိုးအနေဖြင့် ဒေသမျိုး ဆင်တစ်ဆွဲနှင့် ယိုးဒယားမျိုး Rayong-9 မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင်ရေ ၂၄၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၉ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှပိဿာချိန် ၃,၀၀၀ ခန့်ထွက်ရှိပြီး ပီလောပီနံထွက်ရှိချိန်တွင် ပီလောပီနံ ဥ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀-၆၀၀-၇၀၀၊ ပီလောပီနံ အခြောက်မှုန့် တစ်ပိဿာလျှင် ငွေကျပ် ၂,၄၀၀-၂,၇၀၀၊ အမှုန့်ထုတ်ပြီး ပီလောပီနံလုံး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ စသည်ဖြင့် ရောင်းချရ ကြောင်း၊ တစ်ဧကလျှင် ၉ သိန်းခန့် အမြတ်ရရှိပြီး ဈေးကွက်အနေဖြင့် ဟင်္သာတခရိုင်မှ ထွက်ရှိသော ပီလောပီနံများကို ဒေသ တွင်းရောင်းချမှုအပြင် ပီလောပီနံအခြောက်မှုန့်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း သိရသည်။ **DOCA (ရောဝတီ)**

Source: https://commerce.gov.mm/my/article/update-news-local-trade/31777

## ရာသီစာ မှိုဦးနက်များ မုံရွာဈေးကွက်သို့ အများအပြားဝင်ရောက်

ရာသီစာ မှိုဦးနက်များ အောက်တိုဘာလလယ်တွင် ဒီပဲယင်းနယ် ၊ စိုင်ပြင်ကြီးနယ်မှ မုံရွာဈေးကွက်သို့ အများအပြား ဝင်ရောက်လာရာ ဝယ်ယူသူများပြားကြောင်း သိရသည်။

"မနက်ခင်း ဆွမ်းခံကြွတဲ့ သံဃာတော်တွေ၊ ကိုရင်တွေနဲ့သီလရှင်ကျောင်းအတွက် ချက်ဖို့ဝယ်တာပါ။ တစ်ပိဿာကျပ် ၂၅,၀၀၀ ဈေးပေးရတယ်။ အပွင့်ရောအငုံရော ရောရာဝယ်တာပါ။ လှီးသင်ပြီး နွေးထားလိုက်ရင် မနက်ချက်လို့ကောင်းတယ်။ နှစ်တိုင်းဝယ်ချက်လှူဖြစ်တယ်"ဟု မုံရွာမြို့ခံအမျိုးသမီးက မှိုအများအပြားဝယ်ယူရင်း ပြောပြသည်။

မြန်မာနိုင်ငံတွင် ပေါက်ရောက်သော မှိုများတွင် တောင်ပို့မှို (ခေါ်)မှိုခြေတံရှည်သည် အထင်ရှားဆုံး ဖြစ်သော်လည်း မုံရွာနယ်ဖက်တွင် မှိုဦးနက်ကို စားသုံးသူများက ပိုမိုနှစ်သက်စွာဝယ်ယူချက်ပြုတ်ကြသောကြောင့် မိုးရာသီ စက်တင်ဘာ၊ အောက်တိုဘာလများတွင် မုံရွာဈေးကွက်သို့ အများဆုံးရောက်ရှိတတ်ကြောင်း သိရသည်။

မှိုဦးနက်တွင် မှိုပွင့်ထိပ်၌ အနက်ကွက်ပါရှိ၍ တစ်မိုးတွင်းလုံးပေါက်တတ်သော်လည်း မုံရွာဈေးကွက်တွင် စက်တင်ဘာ လအစမှစတင်၍ နိုဝင်ဘာလအစအထိ မှိုဦးနက်များဝင်ရောက်ကာ အောက်တိုဘာလလယ်ဝင်သော မှိုဦးနက်သည် အရသာ ကောင်းမွန်သောကြောင့် ဝယ်ယူသူများသောကာလဖြစ်သည်။

"ရုက္ခဗေဒပညာရှင်များက စားကောင်းတဲ့မှိုနဲ့ အဆိပ်ဖြစ်စေလို့ မစားကောင်းတဲ့ မှိုဆိုပြီး အုပ်စုနှစ်စုခွဲခြားတယ်။ စားကောင်းတဲ့မှိုဟာ အုပ်စုတစ်ခုတည်းဝင် အဆိပ်သင့်စေတဲ့မှိုရဲ့ အန္တယ်ဖြစ်ကောင်းဖြစ်ပါမယ်။ စားကောင်းတဲ့မှိုနဲ့ စားမကောင်းတဲ့ မှိုတွေကိုကျွမ်းကျင်သူတွေသာ ခွဲခြားနိုင်တာပါ"ဟု မှိုစိုက်ပျိုးသူက ပြောသည်။

မုံရွာဈေးကွက်တွင် မှိုဦးနက်တစ်ပိဿာလျှင် ကျပ် ၂၅,၀၀၀ မှ ၄၀,၀၀၀ ကျပ်ကြားရောင်းချလျက်ရှိပြီး ညောင်တပင် ညနေဈေးသို့ လာရောက်ရောင်းချသော တောဈေးသည်အများစုသည် မှိုဦးနက်တစ်ပုံလျှင်ကျပ် ၄,၀၀၀ နှုန်းဖြင့် ရောင်းချပေး နေသည်ကို တွေ့ရသည်။ Source: https://www.popularmyanmar.com/?p=178994

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ နနွင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ နနွင်းဖူးများ ဈေးကောင်းရ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သော နနွင်းကိုလည်း စိုက်ပျိုးကြကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၈၄၃ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၂၆ ဧက၊ မြစ်သားမြို့နယ်၌ ၁၀၄၆ ဧက စုစုပေါင်း ၁၉၁၅ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နနွင်းကို ဇွန်လနှင့် ဇူလိုင်လများတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ထွက်ပေါ်ကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၂၁ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ကေလျှင် နနွင်းပိဿာချိန် ၈၀၀ ခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စ အချိန်တွင် နနွင်းတက် တစ်ပိဿာလျှင် ငွေကျပ် ၆,၇၀၀ ဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် နနွင်းများကို ဒေသတွင်း ရောင်းချမှုအပြင် ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း၊ တစ်ကေလျှင် ငွေကျပ် ၃၂ သိန်းခန့် အမြတ်ရရှိကြောင်း၊ ယခုချိန်တွင် နနွင်းဖူးများ စတင်ထွက်ပေါ်နေပြီဖြစ်ရာ နနွင်းအဖူး ၁၀၀ လျှင် လက်ကားဈေး ငွေကျပ် ၈,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ နနွင်းစိုက်ပျိုးခြင်းသည် နနွင်းတက်များသာမက နနွင်းဖူးများပါ ရောင်းချရသောကြောင့် အပိုဝင်ငွေများရရှိ၍ အဆင်ပြေလျက်ရှိပြီး နနွင်းစိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်း လျက်ရှိကြောင်း သိရသည်။ Source: မြန်မာ့အလင်းသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_24102024_1055

## နိုင်ငံတကာဈေးကွက်

### ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ၉ လ အတွင်း ၂၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇ ဘီလီယံ တန်ဖိုးရှိ ဆန် တန်ချိန် ၇ သန်းကျော်တင်ပို့ခဲ့ကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန် ခဲ့သည်။

ပြည်ပပို့ကုန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၄ ရှိပြီး ၁၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဝန်ကြီးဌာန၏ပြောကြားချက်အရ သိရသည်။ မကြာသေးမီက အိန္ဒိယအစိုးရသည် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှု တားမြစ်ချက်ကို ရုပ်သိမ်းခဲ့ပြီး တစ်နှစ်ကျော်ကြာ ပိတ်ပင်ထားမှုကို အဆုံးသတ်ခဲ့သည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး Phung Duc Tien ၏ ပြောကြားချက်အရ ဆန်စပါးတန်ဖိုးကွင်းဆက်တွင် ကောင်းမွန်သောဖွံ့စည်းပုံဂေဟစနစ်ရှိပြီး ဈေးကွက်နှင့် နီးကပ်စွာ ချိတ်ဆက်ထားသည့်အတွက် အိန္ဒိယ၏ဆုံးဖြတ်ချက်သည် ဗီယက်နမ်နိုင်ငံအတွက် သိသိသာသာ သက်ရောက်မှုရှိမည်မဟုတ်ကြောင်း သိရသည်။

အိန္ဒိယ၏ ဆုံးဖြတ်ချက်သည် ဈေးကွက်အတွင်းရှိ ဆန်မျိုးကွဲများ၏ ဈေးနှုန်းများကို ကျဆင်းစေမည်ဟု ဗီယက်နမ် ဆန်တင်ပို့သူများက ပြောကြားခဲ့သည်။ သို့သော်လည်း ပြည်တွင်းဆန်တင်ပို့မှု အကန့်အသတ်ကြောင့် ဗီယက်နမ်ဆန်ဈေးနှုန်း သည် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၀၀ အောက်သို့ ကျဆင်းဖွယ်မရှိကြောင်း သိရသည်။

မကြာသေးမီက ဗီယက်နမ်သည် အင်ဒိုနီးရှားသို့ ဆန်တန်ချိန် ၆၀,၀၀၀ နီးပါး တင်သွင်းရန် လေလံအောင်မြင်ခဲ့ပြီး ယခင်ပေါက်ဈေးထက် ၃၂ ဒေါ်လာလျော့နည်းကာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၈ ရရှိခဲ့ကြောင်းသိရသည်။ လေလံဈေး ကျဆင်းနေသော်လည်း ဖိလစ်ပိုင်နှင့် မလေးရှားကဲ့သို့သော အဓိကဈေးကွက်များမှ ဝယ်လိုအားမှာ မြင့်မားနေဆဲဖြစ်ကြောင်း၊ ဗီယက်နမ်ဆန်သည် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်မှုအနေအထားကို ထိန်းသိမ်းထားကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားခဲ့သည်။

Co May Company ၏ လက်ထောက်အထွေထွေဒါရိုက်တာဖြစ်သူ Dinh Ngoc Tam ၏ ပြောကြားချက် အရ ST25 ဆန်ဈေးသည် ကျဆင်းဖွယ်မရှိနိုင်ကြောင်းနှင့် ဈေးကွက်အတွင်း ဆန်ပြတ်တောက်မှုအခြေအနေများကြောင့် ဈေးနှုန်းတိုးလာ နိုင်ကြောင်း ပြောကြားခဲ့သည်ဟု ဖော်ပြထားသည်။

Source: Vietnam News Agency, (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟန္နိုင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp-221020240405

### ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း ဆန်တန်ချိန် ၄ ဒသမ ၉ သန်းခန့်အထိ တိုးမြင့်တင်သွင်းနိုင်ကြောင်းခန့်မှန်း

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း စပါးအထွက်နှုန်း အနည်းငယ်လျော့ကျနိုင်သည့်အတွက် ဆန်တန်ချိန် မက်ထရစ်တန် ၄ ဒသမ ၉ သန်းခန့်အထိ တင်သွင်းနိုင်သည်ဟု အမေရိကန်စိုက်ပျိုးရေးဌာန ( US Department of Agriculture- USDA)မှ ခန့်မှန်းပြောကြားခဲ့သည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၂၅ ခုနှစ်အတွက် စပါးအထွက်နှုန်းမှာ လျော့ကျ နိုင်ပြီး well milled မက်ထရစ်တန်ချိန် ၁၂ ဒသမ ၃ သန်းနှင့်ညီမျှသော ပမာဏခန့်သာ ထွက်ရှိနိုင်ကြောင်း လျော့ချခန့်မှန်း ထားသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (မူလ) ခန့်မှန်းချက်မှာ ဆန်တန်ချိန် မက်ထရစ်တန်ချိန် ၁၂ ဒသမ ၂ သန်းနှင့်ညီမျှသော စပါးအထွက်နှုန်းရှိမည်ဟု ခန့်မှန်းထားခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်အတွင်း စပါးအထွက်နှုန်း မက်ထရစ်တန်ချိန် ၂၀ ဒသမ ၁ သန်းရှိမည်ဟု ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ခန့်မှန်းထားခဲ့သော်လည်း ၂၀၂၄ ခုနှစ်၊ တတိယ ၃ လပတ်အထိ ခန့်မှန်းထားသည်ထက် ၁၁ ဒသမ ၄ ရာခိုင်နှုန်း၊ မက်ထရစ်

တန်ချိန် ၃ ဒသမ ၃၆ သန်းထိ အထွက်နှုန်း လျော့ကျခဲ့ကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ အယ်နီညိုရာသီဥတုသည် ဇွန်လကုန်ထိ သက်ရောက်ခဲ့ပြီး ထပ်မံ၍လာနီညာမှာ စက်တင်ဘာလနှင့် နိုဝင်ဘာလကြားထိဆက်လက်ဖြစ်ပေါ်ရန် ၇၁ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနမှခန့်မှန်းထားကြောင်း၊ ထို့ပြင်အားကောင်းသည့် တိုင်ဖွန်းများလည်း ဝင်ရောက်မှုများ ရှိခဲ့ခြင်းတို့ကြောင့် စပါးအထွက်နှုန်းပေါ်ထိခိုက်မှုများရှိခဲ့ကြောင်း ဖော်ပြထားသည်။

အယ်နီညိုနှင့်လာနီညာ နှစ်ခုစလုံးသည် ပြင်းထန်သော တိုင်ဖွန်းများနှင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ၂၀၂၄ ခုနှစ်အတွက် စပါးထွက်ရှိမှုအပေါ် များစွာသက်ရောက်မှုများရှိခဲ့သဖြင့် ဆန်တင်သွင်းမှုတိုးမြင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုမှာ မက်ထရစ် တန်ချိန် ၃ ဒသမ ၂၉ သန်းရှိပြီဖြစ်ကြောင်း Bureau of Plant and Industry မှ ထုတ်ပြန်ထားသည်။ သမ္မတ မားကို့စ်က ဆန်တင်သွင်းမှုအပေါ် အခွန်နှုန်း ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချပေးသည့် အမိန့်ကြော်ငြာစာအမှတ် ၆၂ ကို ပြီးခဲ့သည့် ဇွန်လက အတည်ပြုထုတ်ပြန်ခဲ့သည်။

အစိုးရက ဆန်တင်သွင်းမှုအပေါ် အခွန်နှုန်းလျှော့ချပေးခဲ့သော်လည်း ဆန်စျေးနှုန်းမှာဆက်လက်မြင့်တက်နေဆဲဖြစ်သဖြင့် ဆန်တင်သွင်းသူများနှင့်ကုန်သည်များတွင်သာ အကျိုးအမြတ်တိုးပွားလာခြင်းဖြစ်သည်ဟု ပြောကြားနေမှုများလည်း ရှိခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်းဆန်ထုတ်လုပ်နိုင်မှုနှင့် မလုံလောက်သဖြင့် ၂၀ ရာခိုင်နှုန်းခန့်ကို ပြည်ပမှတင်သွင်းနေရကြောင်း၊ အမိန့်ကြော်ငြာစာ ၆၂ အသက်ဝင်ပြီး အပြည့်အဝအကျိုး သက်ရောက်စေသည့် အောက်တိုဘာလလယ်မှစ၍ ဆန်စျေးနှုန်းများကျဆင်းမည်ဖြစ်ကြောင်း ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောကြားထားသည်။

တစ်ချိန်တည်းမှာပင် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုဆိုင်ရာမူဝါဒ ပြန်လည်ပြောင်းလဲလိုက်ခြင်းက အာရှစျေးကွက်နှင့် အာဖရိကစျေးကွက်များအပေါ် များစွာသက်ရောက်မှုရှိစေပြီး ကမ္ဘာ့ဆန်ဝယ်လိုအားတိုးမြင့်လာနိုင်ပြီး ဆန်စျေးနှုန်း ကျဆင်းနိုင်ကြောင်းကိုလည်း အမေရိကန်စိုက်ပျိုးရေးဌာနမှ ခန့်မှန်းထားသည်။

၂၀၂၄ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုမှာ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့အထိ မက်ထရစ်တန်ချိန် ၃ ဒသမ ၂၉ သန်းထိ ရောက်ရှိထားပြီးဖြစ်ကြောင်း၊ တင်သွင်းမှုများအနက် ဗီယက်နမ်နိုင်ငံ၏ တင်သွင်းမှုမှာ မက်ထရစ်တန်ချိန် ၂ ဒသမ ၆ သန်း၊ ထိုင်းနိုင်ငံမှ တန်ချိန် ၄ ဒသမ ၁ သိန်းကျော်၊ ပါကစ္စတန်နိုင်ငံမှ တန်ချိန် ၁ ဒသမ ၅ သိန်းကျော်၊ မြန်မာနိုင်ငံမှ ၇၆,၉၇၁ တန်တင်သွင်းခဲ့ခြင်းဖြစ်ပြီး ကျန်ပမာဏမှာ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ကမ္ဘောဒီယား၊ အီတလီနှင့် စပိန်တို့မှ တင်သွင်းခဲ့ခြင်းဖြစ်သည်။ အယ်နီညိုနှင့် လာနီညာရာသီဥတုဖြစ်ပေါ်မှု၊ တိုင်ဖွန်းဝင်ရောက်ခဲ့မှုများနှင့် ရေလွှမ်းမိုးခဲ့မှုတို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ စပါးအထွက်နှုန်းများကျဆင်းခဲ့သဖြင့် ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်းဆန်တင်သွင်းမှု အများဆုံးနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်နိုင်ကြောင်း သိရသည်။ (ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source; https://www.bworldonline.com/agribusiness/2024/10/14/627508/phl-rice-import-forecast-raised-to-4-9-mmt-in-2025/

Source: https://myantrade.gov.mm/article/Naypyitawstp_151020240310

## အိန္ဒိယအဓိကဆိပ်ကမ်းများရှိ ပြည်ပသို့တင်ပို့မည့် ဆန်ဖြူနှင့် ပေါင်းဆန်များကို အကောက်ခွန်ဌာနမှ ထိန်းသိမ်း၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိ

အိန္ဒိယအစိုးရက ဆန်တင်ပို့မှု ပြန်လည်ခွင့်ပြုခဲ့သော်လည်း အဓိကဆိပ်ကမ်းများရှိ ပြည်ပသို့တင်ပို့မည့် ဆန်ဖြူနှင့် ပေါင်းဆန်များကို အကောက်ခွန်ဌာနမှ ထိန်းသိမ်း၍ အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း The Hindu businessline သတင်းဌာနက အောက်တိုဘာလ ၁၀ ရက်က ဖော်ပြသည်။

ပြည်ပသို့တင်ပို့မည့် ဆန်များကို ကုန်သေတ္တာဌာနများ (container freight stations -CFS) ၌ ထိန်းသိမ်းထားရှိကာ ဆန်ဖြူနှင့် ပေါင်းဆန်ရောနှော တင်ပို့ခြင်းမရှိစေရန် အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။ ပေါင်းဆန်အတွက် ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်း ပေးဆောင်ရန်လိုအပ်သည့်အတွက်ဖြစ်ကြောင်း သိရသည်။

“အခြေအနေက အရင်ကနှင့် ပြောင်းပြန်ဖြစ်နေပါတယ်”ဟု အမည်မဖော်လိုသော ဆန်ကုန်သည်တစ်ဦး က ပြောကြားခဲ့သည်။ အကောက်ခွန်ဌာနက ယခုနှစ်၊ စက်တင်ဘာလကုန်ပိုင်းအထိ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ကတည်းကပိတ်ပင်ထားခဲ့သည့် ဆန်ဖြူကို ပေါင်းဆန်နှင့်ရောနှော၍ တရားမဝင်တင်ပို့မည်စိုးရိမ်သဖြင့် ပို့ကုန်များကို အထူးကြပ်မတ် စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ယခုအခါ ၎င်းတို့အနေဖြင့် ပေါင်းဆန်အား ဆန်ဖြူအဖြစ် လိမ်လည်တင်ပို့ခြင်း မရှိစေရန် အထူးစစ်ဆေး ကြပ်မတ်မှုများ ဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။ ကမ္ဘာ့စျေးကွက်တွင် ဆန်ဖြူ စျေးနှုန်း တစ်တန်လျှင် ကန်ဒေါ်လာ ၄၉၁ မှ ၄၉၅ ရှိချိန်တွင် ပေါင်းဆန်၏ (FOB) စျေးမှာ ကန်ဒေါ်လာ ၅၀၀ ရှိကြောင်း သိရသည်။ ကုန်စည်များတင်ပို့နိုင်ရန် အနည်းဆုံး အချိန် ၁၀ ရက်ခန့် နောက်ကျနေသည့်အတွက် အပိုဆောင်းကုန်ကျစရိတ် တစ်တန်လျှင် ကန်ဒေါ်လာ ၇၀ မှ ၈၀ အထိ ကုန်ကျနေရကြောင်း ပို့ကုန်

တင်ပို့သူများက ပြောကြားခဲ့သည်။ ထို့ကြောင့် အငယ်စားနှင့် အလတ်စား ပို့ကုန်တင်ပို့သူများအပေါ် အဓိကသက်ရောက်မှုရှိစေသည်ဟုဆိုသည်။

ဆန်နမူနာကို ဓာတ်ခွဲခန်းတွင် စမ်းသပ်၍ အဖြေမရမီအချိန်အထိ ကုန်စည်များကို အဆိုပါ CFS ဂိုဒေါင်များ၌ ထိန်းသိမ်းထားရှိကြောင်း၊ ချနိုင်းလိုမြို့ကြီးဖြစ်ပါက ဓာတ်ခွဲစမ်းသပ်ချက်အဖြေကို အနည်းဆုံးအချိန် သုံးရက်အတွင်းရရှိနိုင်ကြောင်း၊ အကယ်၍ Kakinada သို့မဟုတ် Vizag ဆိပ်ကမ်းများတွင်ဆိုပါက နောက်ထပ် ၂ ရက် ၃ ရက်ခန့် ပိုမိုကြာမြင့်နိုင်ကြောင်း ဆန်တင်ပို့သူများက ပြောကြားခဲ့သည်။ ၎င်းတို့၏ ကုန်စည်များကို CFS ဂိုဒေါင်များ၌ ထားရှိရန် ရူပီး ၇,၀၀၀ ပေးဆောင်ရကြောင်း၊ အကယ်၍ သတ်မှတ်ကာလအတွင်း ဓာတ်ခွဲခန်းအဖြေမရရှိပါက အခကြေးငွေ ထပ်မံပေးဆောင်ရကြောင်း Kakinada မှ ဆန်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အမြဲတမ်းတင်ပို့နေကျ ကုန်သည်ကြီးများဖြစ်ပါက CFS ကုန်လှောင်ရုံစရိတ် ထပ်မံစည်းကြပ်ခြင်းမပြုကြောင်း ၎င်းက ပြောကြားခဲ့သည်။ ဆန်ဖြူတင်ပို့ခွင့်ပြုလိုက်သည့်အခါ သင်္ဘောလိုင်းများအနေဖြင့်လည်း အစပထမက လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ကြသော်လည်း ယခုကဲ့သို့ နှောင့်နှေးကြန့်ကြာမှုများ ရှိလာသည့်အတွက်ကြောင့် ကုန်ကျစရိတ်များရှိကြောင်း ချနိုင်းမြို့မှ ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ “ဒီလိုမျိုး အပိုဆောင်းကုန်ကျစရိတ်တွေရှိလာတဲ့အတွက် ပို့ကုန်တင်ပို့ဖို့ ခက်ခဲစေတယ်။ ပြီးတော့ သင်္ဘောပတ်မမီလိုက်တာမျိုးလည်း ဖြစ်လာနိုင်ပါတယ်”ဟု ၎င်းကပြောကြားခဲ့သည်။ အခြားကုန်သည်တစ်ဦးကလည်း ပို့ကုန်စစ်ဆေးရန် ခွင့်ပြုချက် ရရှိထားသူများသည် စမ်းသပ်စစ်ဆေးမှုများကို မည်သို့မည်ပုံဆောင်ရွက်ရမည်ကို ကောင်းစွာသိရှိနားလည်ပုံမရကြောင်း၊ ယင်းအတွက် မလိုအပ်ဘဲနှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လာသည်ဟု ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် ပြည်တွင်း၌ မိုးရေကောင်းစွာမရရှိခြင်းကြောင့် ဆန်ထုတ်လုပ်မှုလျော့ကျလာမှုကို ကုစားရန် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ပြည်ပသို့ဆန်ဖြူတင်ပို့မှုကို တားမြစ်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလက ဆန်ဖြူတင်ပို့မှုအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံခဲ့ပြီးနောက် ယင်းသို့ ပိတ်ပင်တားမြစ်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လက အယ်နီညိုကြောင့် စပါးအဓိကစိုက်ပျိုးရာဒေသများ၌ မိုးရေရရှိမှုနည်းပါးသောကြောင့် ပေါင်းဆန်၊ ဆန်လုံးညိုနှင့် အခွံချွတ်ပြီးဆန်တို့အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် မကြာသေးမီက ဆန်ပို့ကုန်မူဝါဒပြောင်းလဲပြီး၊ ဆန်ဖြူကို အကောက်ခွန်လွတ် ပြန်လည်တင်ပို့ခွင့်ပြုခဲ့သော်လည်း လက်တွေ့မြေပြင်တွင် ၁၀ ရာခိုင်နှုန်းအခွန်အား တိမ်းရှောင်လို၍ ပေါင်းဆန်အားဆန်ဖြူအဖြစ် လိမ်လည်တင်ပို့မှုများရှိလာမည်ကို စိုးရိမ်မကင်းဖြစ်လျက်ရှိကာ အကောက်ခွန်ဌာနမှ အထူးကြပ်မတ်စစ်ဆေးလျက်ရှိသည်။ ထို့ကြောင့် မလိုလားအပ်ဘဲ အချိန်ကုန်ငွေကုန်ဖြစ်လာကြသည့်အတွက် ပို့ကုန်တင်ပို့သူများကို အခက်အခဲတွေ့စေလျက်ရှိကြောင်း သိရှိနိုင်ရန် တင်ပြသည်။

ရည်ညွှန်း။ The Hindu Businessline: As Customs officials hold up shipments at ports, rice exports get delayed, October 9, 2024., ( စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_211020240420

## အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုဆိုင်ရာ ကန့်သတ်ချက်ကို ပယ်ဖျက်လိုက်ခြင်းကြောင့် ထိုင်းဆန်ဖြူ ပြည်တွင်းဈေးနှုန်း ကျဆင်းနိုင်ဖွယ်ရှိ

အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်မဟုတ်သောဆန်ဖြူတင်ပို့မှုကို ပြန်လည်စတင်လိုက်ခြင်းကြောင့် ထိုင်းဆန်ဖြူပြည်တွင်းဈေးနှုန်းစတင်ကျဆင်းလာလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ပြောင်းလဲလိုက်ခြင်းကြောင့် ယခုနှစ် ဆန်ပို့ကုန်ပမာဏကို ထိခိုက်မှုမရှိသေးကြောင်း၊ အိန္ဒိယ နိုင်ငံအစိုးရက ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတင်ပို့မှုကို ပိတ်ပင်ထားသည်မှာ တစ်နှစ်ကျော်ကြာမြင့်ပြီးနောက် စက်တင်ဘာလ ၂၈ ရက်နေ့တွင် အဆိုပါ ပိတ်ပင်မှုကို ရုပ်သိမ်းလိုက်ကြောင်း၊ ထို့ပြင် ပေါင်းဆန်အတွက် ပို့ကုန်အခွန်ကို ၂၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့လျှော့ချခဲ့ကြောင်း၊ အိန္ဒိယဆန်ဖြူဆန်ကွဲ ၅ ရာခိုင်နှုန်းဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၄၉၀ ဖြစ်ကြောင်း၊ ဝယ်ယူသူများနှင့် ရောင်းချသူများသည် အိန္ဒိယ၏ ဆန်ထောက်ပံ့မှုတိုးမြှင့်လာမည့်သက်ရောက်မှုအပေါ် တွက်ချက်လျက်ရှိပြီး အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းရှင်များ၏ အမှန်တကယ်ရောင်းဈေးအပေါ် မသေချာဖြစ်နေကြောင်း၊ ပို့ကုန်ကန့်သတ်ချက်ကို ရုပ်ဆိုင်းလိုက်ခြင်းကြောင့် ကမ္ဘာ့ဆန်ဖြူထောက်ပံ့မှုတွင် တန်ချိန် ၅ သန်းမှ ၆ သန်းကြား တိုးမြှင့်လာဖွယ်ရှိကြောင်း Thai Rice Exporters Association ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ Mr. Chookiat Ophaswongse က သုံးသပ်ပြောကြားခဲ့သည်။

ယခင် ရက်သတ္တပတ်က ထိုင်းဆန်ကွဲ ၅ ရာခိုင်နှုန်းဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ မှ ၅၂၀ သို့ ကျဆင်းခဲ့ကြောင်း၊ ဆန်ဖြူဈေးနှုန်းသည် တစ်တန်လျှင် ဘတ် ၁၆,၅၀၀-၁၇,၀၀၀ မှ ဘတ် ၁၅,၃၀၀ သို့ ကျဆင်းခဲ့ကြောင်း၊ ယခုနှစ်အတွင်း ထိုင်းဆန်တင်ပို့မှုသည် တန်ချိန် ၈ ဒသမ ၅ သန်းထက် ကျော်လွန်မည်ဟု ခန့်မှန်းထားခဲ့ပြီး လာမည့်နှစ်တွင်

အိန္ဒိယသည် တန်ချိန် ၁၃၈ သန်း ထုတ်လုပ်နိုင်သည်ဟု ခန့်မှန်းထားချက်အရ ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် တန်ချိန် ၆ သန်း ခန့်ကျဆင်းနိုင်ကြောင်း၊ ဈေးကွက်အတွင်း ဆန်ထောက်ပံ့မှု မြင့်မားလာသည့်အပေါ် မူတည်၍ ထိုင်းဆန်ပို့ကုန်ဈေးနှုန်းသည် ကျဆင်းနိုင်ကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၈ လအတွင်း ဆန်တင်ပို့မှုသည် တန်ချိန် ၆ ဒသမ ၇၅ သန်းဖြစ်ကြောင်း၊ နိုင်ငံခြား ကုန်သွယ်မှုဦးစီးဌာနထံ ဆန်တင်ပို့မှုအတွက် ခွင့်ပြုချက်တောင်းခံမှုများသည် ပုံမှန်ရှိနေကြောင်း သိရသည်။

Source: www.bangkokpost.com , သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_091020240300

## ပေါင်းဆန် လွတ်လပ်စွာတင်ပို့ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် ပြည်တွင်းဆန်လက်ကျန်များ ပိုလျှံလျက်ရှိသလို မိုးကောင်းစွာရရှိမှုကြောင့် လာမည့်ရာသီတွင် ဆန်စပါးအထွက်နှုန်းတိုးမည်ဟု ခန့်မှန်းချက်ကြောင့် ပေါင်းဆန်အား လွတ်လပ်စွာတင်ပို့ခွင့်ပြုခဲ့ကြောင်း သိရသည်။ မကြာ သေးမီက ၎င်းထုတ်ကုန်အပေါ်ထားရှိသော အကောက်ခွန် ၂၀ ရာခိုင်နှုန်းအား ၁၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပြီးနောက် ယခုကဲ့သို့ အကောက်ခွန်လွတ်တင်ပို့ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ ပထမ ၈ လ တာအတွင်း အိန္ဒိယနိုင်ငံမှ ပေါင်းဆန်တင်ပို့မှု ၁၃ ရာခိုင်နှုန်းကျဆင်းကာ တန်ချိန် ၅ ဒသမ ၁ သန်း တင်ပို့ ခဲ့ကြောင်း Trade Promotion council of India က အောက်တိုဘာလ ၂၃ ရက်က ဖော်ပြသည်။

အိန္ဒိယဆန်တင်ပို့သူများကို ထိုင်းနိုင်ငံကဲ့သို့ ဆန်အဓိကတင်ပို့ခဲ့သော နိုင်ငံများနှင့် ပိုမိုထိရောက်စွာ ယှဉ်ပြိုင်နိုင်စေရန် အစိုးရက ယခုလိုဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းသို့ဆောင်ရွက်လိုက်သည့်အတွက် ကမ္ဘာ့ဆန်ဈေးနှုန်းများ ကျဆင်း လာဖွယ်ရှိကာ ဝယ်လိုအားတိုးတက်လာမှုကြောင့် အိန္ဒိယလယ်သမားများ အကျိုးအမြတ်ရရှိပြီး ဝင်ငွေများတိုးတက်ကောင်းမွန် လာမည်ဖြစ်ကြောင်း သိရသည်။

"ယခုလုပ်ဆောင်ချက်က အစိုးရအနေဖြင့် လာမည့်ရာသီဆန်စပါးထွက်ရှိမှုအပေါ် ယုံကြည်မှုရှိကြောင်းပြသနေတယ်" ဟု အိန္ဒိယဆန်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ Mr. Dev Garg က ပြောကြားခဲ့သည်။ ပေါင်းဆန်အား အကောက်ခွန် လွတ်တင်ပို့ခွင့်ပြုလိုက်သည့်အတွက် အာဖရိကကဲ့သို့ ဈေးနှုန်းသက်သာမှုကို နှစ်သက်သောနိုင်ငံများမှ ဝယ်ယူသူများကို ဆွဲဆောင်နိုင်လိမ့်မည်ဟု ယူဆရကြောင်း အိန္ဒိယဆန်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ Mr. B.V. Krishna Rao က ပြောကြား ခဲ့သည်။

အိန္ဒိယနိုင်ငံသည် အခွံချွတ်ပြီး ဆန်လုံးညိုနှင့် စပါးတို့အပေါ်ထားရှိသော ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်းကိုလည်း ဖယ်ရှား ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သောလက ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို ကြမ်းခင်းဈေး ကန်ဒေါ်လာ ၄၉၀ သတ်မှတ်၍ ပြန်လည်ခွင့်ပြုပေးခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှု တိုးမြင့်လာသည့်အတွက် ကမ္ဘာ့ဆန်ရောင်းလိုအားကို မြင့်တင်ပေးကာ ပါကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံကဲ့သို့ ဆန်တင်ပို့သောနိုင်ငံများအပေါ် ဈေးနှုန်းလျှော့ချသတ်မှတ်ရန် ဖိအားပေးနိုင်လိမ့် မည်ဟု ယူဆထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အယ်နီညိုကြောင့် မိုးရေရရှိမှုနည်းပါးမည်ကို စိုးရိမ်သည့်အတွက် ၂၀၂၃ ခုနှစ်က ပြည်ပသို့ ဆန် တင်ပို့မှုအပေါ် ကန့်သတ်ထိန်းချုပ်မှုများ လုပ်ဆောင်ခဲ့သည်။ ယင်းနောက် ပြည်တွင်းဆန် ရောင်းလိုအားမြင့်တက်လာပြီး၊ အစိုးရ၏ အရန်ဆန်သိုလှောင်မှုများတွင် ဆန်လက်ကျန်များ ပိုလျှံစေခဲ့ကြောင်း သိရသည်။

သို့ပါ၍ ကမ္ဘာ့ဆန်အများဆုံးတင်ပို့သော နိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု မူဝါဒဖြေလျှော့မှုကြောင့် မြန်မာနိုင်ငံအပါအဝင်ဆန်ကို အဓိကတင်ပို့ရောင်းချလျက်ရှိသော နိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများရှိလာနိုင်ကာ ကမ္ဘာ့ ဆန်ဈေးနှုန်းများ ကျဆင်းလာမည်ဟု သိရသည်။

ရည်ညွှန်း။ Trade Promotion council of India: India scraps export tax on parboiled rice,

( စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_241020240420

## အိန္ဒိယမှ ဆန်ဖြူအပေါ်သတ်မှတ်သည့် Minimum Export Price အား လျှော့ချလိုက်ခြင်းကြောင့် ဆန်ဈေးနှုန်းများ ကျဆင်းလာဖွယ်ရှိ

အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သည့်ဆန်ဖြူအပေါ်သတ်မှတ်သည့်Minimum Export Price– MEP ကို လျှော့ချပေး လိုက်သည့်အတွက် ကမ္ဘာ့ဆန်ရောင်းချမှုပမာဏများ တိုးမြင့်လာနိုင်ပြီး ဆန်ဈေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း ဖိလစ်ပိုင် စိုက်ပျိုးရေးဌာနမှ ပြောကြားခဲ့ပါသည်။ ကမ္ဘာ့ဆန်ဈေးနှုန်း ကျဆင်းခြင်းဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် ဆန်ဈေးနှုန်းလည်း ကျဆင်း လာမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမှ ဘာစမာတီမဟုတ်သည့် ဆန်ဖြူအပေါ်သတ်မှတ်သည့် MEP အား လျှော့ချသတ်မှတ် လိုက်ခြင်းသည် အခြားသော ဆန်တင်ပို့နေသည့် နိုင်ငံများအတွက် စျေးကွက်တွင်း ပိုမိုယှဉ်ပြိုင်လာရနိုင်ကြောင်း၊ ကမ္ဘာ့ဆန်စျေးနှုန်းကို လည်းလွှမ်းခြုံထားနိုင်သည့်အနေအထားဖြစ်သဖြင့် အခြားသောဆန်တင်ပို့နေသည့် နိုင်ငံများ၏ပို့ကုန်စျေးနှုန်းများလည်းကျ ဆင်းလာဖွယ်ရှိကြောင်း ဖော်ပြပါရှိသည်။ ထို့ပြင် အခြားသော ဆန်တင်ပို့နေသည့်နိုင်ငံများထက် စျေးနှုန်းပိုမို လျှော့နည်း နိုင်သဖြင့် ဆန်တင်သွင်းသည့်စျေးနှုန်းများကိုလည်း ရိုက်ခတ်မှုများ ရှိနိုင်ကြောင်း ဖော်ပြပါရှိသည်။

ပြီးခဲ့သည့် စက်တင်ဘာလကအိန္ဒိယနိုင်ငံမှ ကမ္ဘာ့စျေးကွက်သို့ ဘာစမာတီမဟုတ်သည့်ဆန်ဖြူ ပြန်လည် တင်ပို့ခဲ့ပြီး MEP သတ်မှတ်ချက်မှာမက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၀ ဖြစ်ကြောင်း၊ MEP မသတ်မှတ်မီကပင် အိန္ဒိယနိုင်ငံ၏ ဘာစမာတီမဟုတ်သည့် ဆန်ဖြူစျေးနှုန်းသည် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ထက် သက်သာကြောင်း ဖော်ပြပါရှိသည်။ အိန္ဒိယ နိုင်ငံမှ ကမ္ဘာ့စျေးကွက်သို့ ဘာစမာတီမဟုတ်သည့် ဆန်အား ပြန်လည်တင်ပို့ရောင်းချသည့်အချိန်မှစ၍ ထိုင်းနိုင်ငံမှ ၎င်းတို့၏ Long grain white rice ၅ မှတ် ဆန်အမျိုးအစား စျေးနှုန်းမှာ ၁၁ ရာခိုင်နှုန်းထိကျဆင်းခဲ့သည်။

အိန္ဒိယနိုင်ငံသည် စျေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံဖြစ်သည့်အတွက် ဆန်တင်သွင်းရာတွင် အလား အလာရှိသော နိုင်ငံတစ်ခုဖြစ်လာနိုင်ကြောင်း အစောပိုင်းကာလများကတည်းက စျေးကွက် ကျွမ်းကျင်သူများက ခန့်မှန်းပြောကြားခဲ့ကြောင်း၊ ဗီယက်နမ်နှင့်ထိုင်းတို့ထက် စျေးနှုန်းသက်သာနေခြင်းကြောင့် နောက်ထပ်ဆန် ရောင်းချသည့် စျေးကွက်တိုးလာခြင်းနှင့် ဆန်တင်သွင်းရာတွင် နေရာအသီးသီးမှ ဖြန့်၍တင်သွင်းနိုင်မည် ဖြစ်ကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်အချက်အလက်များအရ အိန္ဒိယနိုင်ငံမှ ဘာစမာတီ မဟုတ်သည့် ဆန်ဖြူတင်ပို့ခြင်းကို အရှေ့အာရှနိုင်ငံများသို့ ပြန်လည်ခွင့်ပြုလိုက်သည့်ပြီးနောက်ပိုင်း ဖိလစ်ပိုင်နိုင်ငံ၏ အိန္ဒိယနိုင်ငံမှ ဆန်တင်သွင်းမှုမှာ ၂၂,၀၃၉ မက်ထရစ်တန် ရှိထားပြီ ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၇ ရက်စွဲပါ ထုတ်ပြန်ချက်အရ ဆန်တင်သွင်း ရောက်ရှိမှုမှာ ဗီယက်နမ်နိုင်ငံမှ မက်ထရစ်တန်ချိန် ၂ ဒသမ ၈ သန်း၊ ထိုင်းနိုင်ငံမှ ၄၄၈,၉၆၃ မက်ထရစ်တန်၊ မြန်မာနိုင်ငံမှ ၁၀၇,၁၈၄ မက်ထရစ်တန်၊ အိန္ဒိယနိုင်ငံမှ ၂၂,၀၃၉ မက်ထရစ်တန်၊ တရုတ်နိုင်ငံမှ ၅,၇၂၀ မက်ထရစ်တန်၊ ဂျပန်နိုင်ငံမှ ၂,၃၈၆ မက်ထရစ်တန်၊ ကမ္ဘောဒီးယားနိုင်ငံမှ ၁,၆၂၀ မက်ထရစ်တန်၊ အီတလီနိုင်ငံမှ ၁၄ မက်ထရစ်တန်နှင့် စပိန်နိုင်ငံမှ ၁ ဒသမ ၉၂ မက်ထရစ်တန်တို့ ဖြစ်သည်။

လတ်တလောတွင် အစိုးရမှဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့်အကောက်ခွန်နှုန်းထားအား အမိန့်ကြော်ငြာ စာအမှတ် ၆၂ ဖြင့် လျှော့ချပေးထားပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် အမိန့်အာဏာ သက်ရောက်စေ မည်ဖြစ်သော်လည်း လက်လီစျေးကွက်ရှိ ဆန်စျေးနှုန်းများအား နှိုင်းယှဉ်မည်ဆိုပါက ပြည်တွင်းဆန်စျေးနှုန်း မှာပြည်ပမှတင်သွင်းသည့် ဆန်စျေး နှုန်းထက် လျှော့နည်းနေသေးသည့်အတွက် ပြည်တွင်းဆန်တောင်သူအုပ်စုမှ အဆိုပါအမိန့်ကြော်ငြာစာသည် ဆန်တင်သွင်းသူ များနှင့် ဆန်ကုန်သည် များအတွက်သာ အကျိုးဖြစ်ထွန်းစေပြီး ဆန်စျေးနှုန်းကျဆင်းစေရန် သက်ရောက်မှုမရှိကြောင်း ဝေဖန်ထောက်ပြပြောဆိုမှုများ ရှိနေကြောင်း လေ့လာတင် ပြအပ်သည်။ (စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_291020241248

## ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ပထမနှစ်ဝက်အတွင်း ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှု တန်ဖိုး ၇၃ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံတွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ပထမနှစ်ဝက်အတွင်း ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှု တန်ဖိုး ၇၃ ရာခိုင်နှုန်း တိုး တက်လာခဲ့ကြောင်း၊ ဧပြီလမှ စက်တင်ဘာလအထိ ပဲမျိုးစုံတင်သွင်းမှု ကန်ဒေါ်လာ ၂ ဒသမ ၁၈၇ ဘီလီယံရှိပြီး၊ လွန်ခဲ့ သောနှစ်ကာလတူက ကန်ဒေါ်လာ ၁ ဒသမ ၂၆၅ ဘီလီယံရှိခဲ့သည့်အတွက် တင်သွင်းမှု တိုးတက်လာခဲ့ကြောင်း အိန္ဒိယ စီးပွားကူးသန်းဝန်ကြီးဌာနမှ ထုတ်ပြန်သော ခန့်မှန်းချက်အရ သိရသည်။

စက်တင်ဘာလတွင် ပဲမျိုးစုံတင်သွင်းမှု ကန်ဒေါ်လာ ၄၂၅ ဒသမ ၇၈ သန်းရှိကာ လွန်ခဲ့သောနှစ် ကာလတူက ကန်ဒေါ်လာ ၃၁၅ ဒသမ ၈၉ သန်း တင်သွင်းခဲ့သည့်အတွက် ၃၄ ဒသမ ၇၉ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။ တင်သွင်းသော ပမာဏနှင့် အမျိုးအစားအသေးစိတ်ကိုမူ ထုတ်ပြန်ထားခြင်းမရှိသေးဟု ဆိုသည်။

မတ်ပဲ၊ ပဲစင်းငုံနှင့် ကုလားပဲစသည့် ပဲအမျိုးအစားများ တင်သွင်းမှုမြင့်တက်ကာ ပြည်တွင်း ထုတ်လုပ်မှုတိုးတက်လာ သည့် ပဲနီလေးတင်သွင်းမှု လျှော့ကျခဲ့ကာ၊ မကြာသေးမီလအနည်းငယ်အတွင်း စားတော်ပဲတင်သွင်းမှုလည်း အလားတူ လျှော့ကျခဲ့ကြောင်း ကုန်သွယ်ရေးအသိုင်းအဝိုင်းက ယူဆကြသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ပဲမျိုးစုံတင်သွင်းမှု နှစ်ဆတိုးမြင့်ခဲ့ကာ ကန်ဒေါ်လာ ၃ ဒသမ ၇၄ ဘီလီယံ ဖိုး တင်သွင်းခဲ့ကြောင်း သိရသည်။

ပဲစင်းငုံမှာ ထုတ်လုပ်မှုကျဆင်းကာ ဝယ်လိုအားမြင့်တက်လျက်ရှိသောကြောင့် ဈေးကွက်တွင် ပြတ်လပ်မှုရှိခဲ့ကြောင်း iGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပြည်ပမှ တင်သွင်းမှုတိုးမြင့်ခဲ့ပြီး၊ ဧပြီလမှ စက်တင်ဘာလအတွင်း ပဲစင်းငုံတင်သွင်းမှု တန်ချိန် ၆ ဒသမ ၀၉ သိန်းခန့်ရှိမည်ဟု ခန့်မှန်းကြောင်း၊ ယခင်နှစ်က တန်ချိန် ၂ ဒသမ ၇၄ သိန်းနှင့် နှိုင်းယှဉ်လျှင် တိုးတက်လာကြောင်း Chauhan က ပြောကြားခဲ့သည်။ ပဲစင်းငုံကို မြန်မာနိုင်ငံနှင့် မိုဇမ်ဘစ်၊ တန်ဇန်နီးယားစသည့် အရှေ့အာဖရိက တိုင်းပြည်များမှ အဓိကတင်သွင်းကြောင်း သိရသည်။

"မတ်ပဲကို မြန်မာနိုင်ငံကနေ အဆက်မပြတ်တင်သွင်းနေပါတယ်။ ဧပြီလမှ စက်တင်ဘာလအထိ မတ်ပဲ တင်သွင်းမှု တန်ချိန် ၄ ဒသမ ၀၈ သိန်းရှိကာ လွန်ခဲ့သောနှစ်က ၂ ဒသမ ၄ သိန်းရှိသည့်အတွက် တိုးမြင့်လာခဲ့ ပါတယ်။ လက်ရှိမိုးရာသီမှာ မတ်ပဲစိုက်ဧကဟာ ယခင်နှစ်ကထက်နည်းပါတယ်။ သို့သော် မိုးကောင်းစွာရတဲ့ အတွက် ထွက်ရှိမှုများမယ်လို့ခန့်မှန်းရပါတယ်။ လိုအပ်တာကို ပြည်ပကနေဝယ်ယူဖြည့်တင်းလျက်ရှိတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

ဧပြီလမှ စက်တင်ဘာလအထိ ကုလားပဲ (desi chikpeas or gram) တင်သွင်းမှု ၁ ဒသမ ၀၃ သိန်းခန့်ရှိကာ ယခင်နှစ်ကာလတူက ၁၁,၄၄၃ တန်တင်သွင်းခဲ့သည့်အတွက် မြင့်တက်လာခဲ့သည်။

အဆိုပါကာလအတွင်း ပဲနီလေးတင်သွင်းမှု တန်ချိန် ၃ ဒသမ ၈၅ သိန်းရှိကာ ယခင်နှစ်က တန်ချိန် ၈ ဒသမ ၀၂ သိန်း တင်သွင်းခဲ့၍ ကျဆင်းခဲ့ကြောင်း၊ စားတော်ပဲတင်သွင်းမှုလည်း နှေးကွေးခဲ့ကာ တန်ချိန် ၁၀ ဒသမ ၂၃ သိန်းခန့်သာရှိမည်ဟု ခန့်မှန်းကြောင်း၊ အစိုးရက စားတော်ပဲတင်သွင်းမှုကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နေ့အထိ ခွင့်ပြုထားကြောင်း Chauhan က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စားတော်ပဲတင်သွင်းမှု တန်ချိန် ၃ ဒသမ ၃ သန်းမှ ၃ ဒသမ ၅ သန်းအတွင်း ရှိနိုင်ကြောင်း၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ တင်သွင်းမှု တန်ချိန် ၂ ဒသမ ၂ သန်းရှိမည်ဟု ယူဆကြောင်း၊ စက်တင်ဘာလမှ အောက်တိုဘာလအထိ နောက်ထပ် ၇ တန် တင်သွင်းဖို့ စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကြောင်း သိရသည်။

အောက်တိုဘာလကုန်အထိ စားတော်ပဲတင်သွင်းမှု တန်ချိန် ၃ သန်းရှိနိုင်ကြောင်း အိန္ဒိယကောက်ပဲသီးနှံ အသင်းဥက္ကဋ္ဌ Bimal Kothari က Businessline သတင်းဌာနသို့ ပြောကြားခဲ့သည်။ နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း နောက်ထပ် စားတော်ပဲ တန်ချိန် ၃ သိန်းမှ ၄ သိန်း ပြည်ပမှ ထပ်မံ ဝင်ရောက်လာဖို့ရှိသည်ဟု ၎င်းက ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံမှ ပဲမျိုးစုံတင်သွင်းမှု ပိုမိုတိုးမြင့်လာလျက်ရှိသည့်အတွက် မြန်မာနိုင်ငံမှ ပဲမျိုးစုံ တင်ပို့ရောင်းချသူများအနေဖြင့် ဈေးကွက်အခွင့်အလမ်းများ ရရှိနိုင်ကြောင်း သိရသည်။ (စီပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_211020240400

## အိန္ဒိယအစိုးရသည် မိုးရာသီ သီးနှံ ၇ မျိုးအတွက် အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်းကို တိုးမြှင့်သတ်မှတ်ပေး

အိန္ဒိယအစိုးရသည် လာမည့် ၂၀၂၅-၂၆ ခုနှစ်အတွက် မိုးရာသီ သီးနှံခုနစ်မျိုး၏ အနိမ့်ဆုံး ပံ့ပိုးသတ်မှတ်ဈေးနှုန်း (MSP) ကို အမြင့်ဆုံး ၅ ရာခိုင်နှုန်းထိ တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ MSP ဈေးနှုန်းတိုးမြှင့်သတ်မှတ်ပေးခြင်းသည် တောင်သူလယ်သမားများအတွက်မိုးရာသီ သီးနှံဈေးနှုန်းများကို အာမခံပေးထားသည့်အတွက် သီးနှံမျိုးစုံကွဲပြားမှုရှိစေရန် လှုံ့ဆော်ပေးလိမ့်မည်ဟု အစိုးရထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဓိက မိုးရာသီ သီးနှံဖြစ်သည့် ဂျုံ ၏ MSP သည် ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၁၅၀ မြင့်တက်ခဲ့သည်။ အိန္ဒိယသည် စားသုံးဆီနှင့် ပဲမျိုးစုံအပေါ် မှီခိုအားထားမှုကို လျှော့ချရန် ရည်မှန်းထားသောကြောင့် rapeseed နှင့် မုန်ညင်းစေ့တို့၏ MSP အား ၁၀၀ ကီလိုဂရမ်လျှင် ၃၀၀ ရူပီးနှင့် ပဲနီလေး (masur) ၁၀၀ ကီလိုဂရမ်လျှင် ၂၇၅ ရူပီး တိုးမြှင့်ခဲ့သကဲ့သို့ ကုလားပဲအား ၁၀၀ ကီလိုဂရမ်လျှင် ၂၁၀ ရူပီး တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မုန်ညင်းစေ့နှင့် ကုလားပဲအတွက် မြင့်မားသော MSP သည် လယ်သမားများအား ပိုမိုကောင်းမွန်သော အမြတ်အစွန်းများရရှိစေပြီး အိန္ဒိယ၏ စားသုံးဆီနှင့် ပဲမျိုးစုံ ထောက်ပံ့မှုအတွက် အရေးပါသည့် အဆိုပါသီးနှံများ ပိုမိုစိုက်ပျိုးမှုကို အားပေးရန် မျှော်လင့်ထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် သီးနှံအထွက်နှုန်းများ နှစ်နှစ်ဆက်တိုက်ကျဆင်းခဲ့ကာ ပဲမျိုးစုံ ဈေးနှုန်းများမြင့်တက်ခဲ့ခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ကုန်စည်များ လုံလုံလောက်လောက်ရှိစေရန်အတွက် အစိုးရက ပဲမျိုးစုံသွင်းကုန်ကန့်သတ်ချက်များကို ဖယ်ရှားပေးရသည်အထိ ဖိအားများရှိခဲ့ကြောင်းနှင့် အစိုးရသည် လယ်သမားများအား ၎င်း၏ အွန်လိုင်းပေါ်တယ်တွင် မှတ်ပုံတင်ထားရှိပါက ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့ကို ပမာဏ အကန့်အသတ်မရှိဘဲ MSP ဈေးနှုန်းဖြင့် ဝယ်ယူရန်ကတိပြုထားကြောင်းလည်း သိရသည်။

Source: At WTO, India breathes fire over Dragon's trade policies, The Economic Times,

(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_221020241130

## ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမကိုးလအတွင်း သဘာဝရော်ဘာအစေး ပြည်ပတင်ပို့ရောင်းချခြင်းမှ ဝင်ငွေ ကန်ဒေါ်လာ ၃၉၄ သန်းရရှိ

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမကိုးလအတွင်း သဘာဝရော်ဘာစေး ပြည်ပတင်ပို့ရောင်းချခြင်းမှ ဝင်ငွေ ကန်ဒေါ်လာ ၃၉၄ သန်းရရှိခဲ့ပြီး ယင်းဝင်ငွေပမာဏသည် ယမန်နှစ်အလားတူကာလထက် ၁၈ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ဇန်နဝါရီလမှ စက်တင်ဘာလအထိ ရော်ဘာအစေးတန်ချိန် ၂၄၈,၅၃၅ တန် တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၂ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာကြောင်း ရော်ဘာလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနက ပြောကြားသည်။ ယခုနှစ် ပထမကိုးလအတွင်း ရော်ဘာအစေး တစ်တန်၏ ပျမ်းမျှဈေးနှုန်းမှာ ကန်ဒေါ်လာ ၁,၅၈၆ ဒေါ်လာရှိခဲ့သောကြောင့် ယမန်နှစ် အလားတူကာလကထက် ၂၁၅ ဒေါ်လာခန့် ပိုမိုဈေးတက်ခဲ့ကြောင်း ရော်ဘာလုပ်ငန်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ခွန်းကာကာဒါက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ရော်ဘာထုတ်ကုန်များအား မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့သည်။ ရော်ဘာပင်များကို ကမ္ဘောဒီးယားနိုင်ငံရှိ စုစုပေါင်းမြေဧက ၄၀၇,၁၇၂ ဟက်တာတွင် စိုက်ပျိုးထားရှိသည်။ ကိုကား-ဆင်ဟွာ

Source: ကြေးမုံသတင်းစာ

## ဂျပန်နိုင်ငံအနေဖြင့် တောင်ကိုရီးယားနှင့် အီတလီနိုင်ငံတို့နှင့်ပူးပေါင်းကာ ရေနံဓာတ်ငွေ့ရည်ရရှိမှု ချဲ့ထွင်နိုင်ရေး ဆောင်ရွက်သွားမည်

တရုတ်နိုင်ငံပြီးပါက ကမ္ဘာ့ဒုတိယအများဆုံး ရေနံဓာတ်ငွေ့ရည်တင်သွင်းသည့် ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံ့စွမ်းအင် ဖူလုံမှု မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေနံဓာတ်ငွေ့ရည်ရရှိမှု မြှင့်တင်နိုင်ရေးအတွက် တောင်ကိုရီးယားနှင့် အီတလီနိုင်ငံတို့နှင့်ပူးပေါင်း၍ လေ့လာမှုများဆောင်ရွက်သွားရန် ၂၀၂၄ ခုနှစ် အောက်တိုဘာ လ ၆ ရက်နေ့တွင် သဘောတူညီမှုရရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ သတင်းတွင် ဂျပန်နိုင်ငံ၏ အကြီးဆုံးစွမ်းအင်ကုမ္ပဏီ JERA နှင့် တောင်ကိုရီးယားနိုင်ငံတွင် ရေနံဓာတ်ငွေ့ရည် အဓိကဝယ်ယူသည့် Korea Gas တို့အနေဖြင့် ရေနံဓာတ်ငွေ့ရည် ဝယ်ယူရရှိနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ Cargo လဲလှယ်ရန်နှင့် အခြားသော ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ကြရန် သဘောတူညီခဲ့ကြကြောင်း ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရကြောင်းဖော်ပြထားသည်။

ထို့ပြင် အီတလီနိုင်ငံ၏ စွမ်းအင်ကုမ္ပဏီ Eni အနေဖြင့် ရေနံဓာတ်ငွေ့ရည် ထုတ်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံသူ ရှာဖွေလျက်ရှိခြင်းကြောင့် ဂျပန်အစိုးရပိုင် Organization for Metals and Energy Security (JOGMEC) အနေဖြင့် Eni နှင့် LNG ဝယ်ယူရရှိရေးဆိုင်ရာ ကနဦး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံမှ LNG ဝယ်ယူသူများအနေဖြင့် ဂျပန်နိုင်ငံတွင်း၌ ဝယ်လိုအား ကျဆင်းချိန်တွင် Cargo များကို အခြားသော ဝယ်လက်များသို့ လက်လွှဲရောင်းချနိုင်သော ကာလတိုသဘောတူစာချုပ်များ ချုပ်ဆိုလိုကြကြောင်းနှင့် ဂျပန်နိုင်ငံအနေဖြင့် ဒေသတွင်း၌ LNG ရောင်းဝယ်မှု မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် ဓာတ်ငွေ့အများဆုံးဖြန့်ဖြူးရောင်းချလျက်ရှိသည့် Tokyo Gas အနေဖြင့် ၎င်း၏ အရေးပေါ်တုံ့ပြန်မှု မြှင့်တင်နိုင်ရေးအတွက် မိတ်ဖက်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ နွေရာသီတွင် LNG ရရှိမှု သေချာစေရေးနှင့် ဂျပန်နိုင်ငံတွင် အရေးပေါ် LNG လိုအပ်လာပါက ပံ့ပိုးပေးနိုင်ရန် စီစဉ် ထားသည့် Strategic LNG Buffer (SBL) အတွက် JERA အနေဖြင့် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ တစ်လလျှင် ၇၀,၀၀၀ မက်ထရစ်တန် နီးပါးရှိသည့် Cargo တစ်လုံး ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

Source: The Nikkei Asia, (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_141020241015

## ဘက်စုံကုန်သွယ်မှုဆိုင်ရာစနစ်နှင့် လွတ်လပ်စွာကုန်သွယ်မှုတို့ကို မြှင့်တင်ဆောင်ရွက်မည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ်ပြောကြား

ကမ္ဘောဒီးယားနိုင်ငံသည် ဘက်စုံကုန်သွယ်မှုဆိုင်ရာစနစ်နှင့် လွတ်လပ်စွာကုန်သွယ်မှုတို့ကိုမြှင့်တင်ဆောင်ရွက်သွားမည်ဟု ဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားသည်။

မြို့တော်ဖနောင်ပင်တွင်ကျင်းပသည့် ကမ္ဘောဒီးယားနိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်သည့် နှစ် ၂၀ မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဝန်ကြီးချုပ် ဟွန်မာနက်က အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၁၄၈ နိုင်ငံ မြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ထိုသို့ဖြစ်လာခြင်းကြောင့် ကမ္ဘာ့နိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် ကမ္ဘောဒီးယားနိုင်ငံ အတွက် အကျိုးကျေးဇူးများစွာရရှိခဲ့ကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က မှတ်ချက်ပြုပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ပြည်ပပို့ကုန်မြှင့်တင်ရာတွင် ကမ္ဘောဒီးယား-တရုတ်လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များကို အခြေခံ၍ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကထပ်လောင်းပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှုများကြောင့် ၂၀၅၀ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံအား ဝင်ငွေမြင့်မားသည့်နိုင်ငံအဖြစ်သို့ရောက်ရှိရေး ရည်မှန်းချက်ပြည့်မီလာမည်ဟုဝန်ကြီးချုပ်က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်လာသဖြင့် ၎င်း၏ပြည်ပပို့ကုန်များအား အပြည်ပြည်ဆိုင်ရာဈေးကွက်များအထိ တိုးချဲ့ရောင်းချနိုင်ပြီး ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်နိုင်ခဲ့သည်ဟု ကမ္ဘောဒီးယား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ချန်နီမူက ပြောကြားသည်။ Source: ကြေးမုံသတင်းစာ

## ထိုင်းနိုင်ငံ၌ တာယာထုတ်လုပ်မှုကိုမြှင့်တင်ရန် ဂျာမနီအခြေစိုက် Continental AG က ဘတ် ၁၃ ဒသမ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခဲ့ကြောင်း ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ကပြောကြား

ဂျာမနီနိုင်ငံအခြေစိုက် Continental AG က ဘတ် ၁၃ ဒသမ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံမှု ပမာဏတိုးမြှင့်ခဲ့သဖြင့် ထိုင်းနိုင်ငံ၌ ရော်ဘာထုတ်လုပ်မှုကိုတိုးမြှင့်နိုင်မည်ဖြစ်သောကြောင့် ကမ္ဘာ့ဒုတိယအကြီးဆုံးရော်ဘာထုတ်လုပ်သူအဆင့်ကို ခိုင်မာစေမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ ပြောကြားချက်အရ သိရသည်။

Continental Tyres (Thailand) က ရယောင်း၏ အရှေ့ဘက်ပြည်နယ်ရှိ ၎င်း၏ တာယာစက်ရုံတွင် ဘတ် ၁၃ ဒသမ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံမှု ပမာဏတိုးမြှင့်၍ နှစ်စဉ်တာယာထုတ်လုပ်မှုတွင် အရည်အသွေးမြင့် တာယာ ၃ သန်း ထပ်တိုး ထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးလျှောက်လွှာကို ဘုတ်အဖွဲ့ကခွင့်ပြုခဲ့ကြောင်း၊ တာယာထုတ်လုပ်မှု အများစုသည် ပို့ကုန်အတွက်ရည်ရွယ်ကြောင်း၊ စက်ရုံသစ်တည်ဆောက် ခြင်း၊ စက်ယန္တရားအသစ်များတပ်ဆင်ခြင်းနှင့် ဝန်ထမ်း ၆၀၀ မှ ၁,၅၀၀ သို့ တိုးမြှင့်လိုက်ခြင်းတို့ကြောင့် တစ်နှစ်လျှင် တာယာထုတ်လုပ်မှုကို ၇ ဒသမ ၈ သန်းထိ တိုးမြှင့်ထုတ်လုပ်သွားရန် မျှော်မှန်းထားကြောင်း၊ စက်ရုံကို ပြည်တွင်းထုတ်သဘာဝရော်ဘာမှ မော်တော်ဆိုင်ကယ်၊ Light Trucks၊ ခရီးသည်တင်ကားများနှင့် လျှပ်စစ် မော်တော်ကားတို့အတွက် တာယာထုတ်လုပ်ရန် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

Continental ၏ စက်ရုံတိုးချဲ့လိုက်မှုသည် ထိုင်းနိုင်ငံ၏ မော်တော်ကားစက်မှုအချက်အချာနှင့် ထိုင်းနိုင်ငံရှိ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်ချက်ကို အားဖြည့်ပေးကြောင်း၊ ၂၀၂၀ ပြည့်နှစ်မှစ၍ တာယာထုတ်လုပ်သူများ၏ ရင်းနှီးမြှုပ်နှံမှု လျှောက်လွှာ ၄၁ ခုရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ် ၁၁၂ ဘီလီယံကျော် ရှိပါကြောင်း၊ Continental Tyres (Thailand) သည် ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၄ ခုမြောက် အကြီးဆုံးတာယာထုတ်လုပ်သူဖြစ်ကြောင်း၊ ထိပ်တန်းတာယာ ထုတ်လုပ်သူများလည်း ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသဖြင့် တရုတ်ပြီးပါက ဒုတိယအကြီးဆုံး တာယာထုတ်လုပ်သူနှင့် ပို့ကုန်အခြေစိုက်နိုင်ငံ ဖြစ်စေကြောင်း ဘုတ်အဖွဲ့အထွေထွေအတွင်းရေးမှူးချုပ် Mr. Narid Therdsteerasukdi က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် ရော်ဘာထုတ်လုပ်သူများမှာ ပြင်သစ်မှ Michelin၊ ဂျပန်မှ Bridgestone၊ Sumitomo Rubber နှင့် Yokohama Tire၊ အမေရိကန်မှ Goodyear၊ တရုတ်မှ Zhongshe Rubber၊ Prinx၊ Chengsham Tire၊ Linglong Tire နှင့် Century Tire တို့ ဖြစ်ကြောင်း၊ တာယာထုတ်လုပ်မှုသည် ထိုင်းနိုင်ငံ၏ မော်တော်ကားစက်မှုတွင် အရေးပါသော အခန်းကဏ္ဍဖြစ်ကြောင်း၊ ကမ္ဘာ့မော်တော်ကားထုတ်လုပ်သည့် နိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှတွင် အဆင့် ၁ ဖြစ်ကြောင်း သိရသည်။

Source: www.bangkokpost.com စီးပွားရေးသံရုံး၊ ဗန်ကောက်မြို့

Source: https://myantrade.gov.mm/article/Naypyitawstp-111020241045

## ထိုင်းနိုင်ငံ၏ အထူးကော်ဖီ (Specialty Coffee) ဈေးကွက်ကို မြှင့်တင်သွားမည်ဖြစ်ကြောင်း Specialty Coffee Association of Thailand (Scath) ကပြောကြား

ထိုင်းနိုင်ငံ၏ အထူးကော်ဖီ (Specialty Coffee) ဈေးကွက်မှ တစ်နှစ်လျှင် ဘတ် ၂ ဘီလီယံ ရရှိနိုင်ရေး မြှင့်တင်သွားမည်ဖြစ်ကြောင်း Specialty Coffee Association of Thailand (Scath) က ပြောကြားခဲ့သည်။

Specialty Coffee ကို ခူးဆွတ်ခြင်း အပါအဝင် ထောက်ပံ့မှုကွင်းဆက်တစ်လျှောက် အကောင်းဆုံးစံနှုန်းများနှင့် ကိုက်ညီမှုပေါ်မူတည်၍ အမျိုးအစားခွဲထားခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအတွင်း ကော်ဖီထုတ်လုပ်မှု ကုန်ကျစရိတ်သည် ဒေသတွင်းရှိ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါကကြီးမြင့်သဖြင့် ယှဉ်ပြိုင်နိုင်မှုမရှိဖြစ်စေကြောင်း၊ အသင်းအဖွဲ့ဝင်များတွင်ပါဝင်သော စိုက်ပျိုးသူများ၊ တင်ပို့သူများနှင့် ကော်ဖီဆိုင်ပိုင်ရှင်များက ဈေးကွက်အတွင်း နိုင်ငံ၏ ယှဉ်ပြိုင်နိုင်မှုကိုမြှင့်တင်ရန်အတွက် Specialty Coffee ထုတ်လုပ်ရန်နှင့် ထောက်ခံရန်ပါဝင်လိုကြကြောင်း၊ Specialty Coffee ဈေးကွက်အလားအလာများကို ဖော်ပြရမည်ဆိုပါက အဆိုပါ ကော်ဖီ၏ဈေးနှုန်းသည် အာရေဗီးကားကော်ဖီစေ့များထက် အနည်းဆုံး ၆၀ ရာခိုင်နှုန်းမြင့်မားကြောင်း၊ ထိုင်းနိုင်ငံအတွင်း Specialty Coffee ၏ ဈေးကွက်သည် တစ်နှစ်လျှင် ၂၅ ရာခိုင်နှုန်း ကြီးထွားလာလျက်ရှိကြောင်း အသင်းဥက္ကဋ္ဌ Ms. Nutrada Sunavivattananon က ပြောကြားခဲ့သည်။

ဈေးကွက်ကြီးထွားလာရခြင်းမှာ စားသုံးသူများ၏ စားသုံးမှုပုံစံပြောင်းလဲလာခြင်းနှင့် လုပ်ငန်းကြီးများက Specialty Coffee ဈေးကွက်သို့ ချဲ့ထွင်လာကြခြင်းကြောင့်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် ကော်ဖီ ဈေးကွက်တန်ဖိုး ဘတ် ၁၀၀ ဘီလီယံတွင် အကောင်းစားကော်ဖီဈေးကွက်တန်ဖိုး ဘတ် ၂၀ ဘီလီယံအနက် Specialty Coffee ဈေးကွက်တန်ဖိုးသည် ဘတ် ၂ ဘီလီယံ ရှိရန် ခန့်မှန်းထားကြောင်း၊ အသင်းအနေဖြင့် စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ကော်ဖီမျိုးစိတ်များ စမ်းသပ်ထုတ်လုပ်ခြင်း၊ Specialty Coffee နှင့် စပ်လျဉ်း ၍ အသိပညာပေးခြင်းနှင့် တောင်သူများသို့ ဗဟုသုတများ မျှဝေခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံတွင် စိုက်ပျိုးသော ထိပ်တန်း Specialty Coffee အမျိုးအစားများအနက် Java သည် အပါအဝင်ဖြစ်ကြောင်း Ms. Nutrada က ဖြည့်စွက် ပြောကြားခဲ့သည်။

ထိုင်းကော်ဖီကဏ္ဍကို ကမ္ဘာ့အဆင့်သို့ ထိုးဖောက်နိုင်ရန် ရည်ရွယ်၍ Central Pattana Plc နှင့် အသင်းတို့ ပူးပေါင်းကာ နိုင်ငံနှင့်အဝှမ်းတွင် Thailand Coffee Hub ကို စီစဉ်ဆောင်ရွက်လျက်ရှိသည်မှာ ၃ နှစ် တိုင်ပြီဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်းမှ စားသုံးသူဆီ (B2C)သို့ လည်းကောင်း၊ စီးပွားရေးလုပ်ငန်းမှ စီးပွားရေးလုပ်ငန်း (B2B) ဆီသို့လည်းကောင်း ထောက်ပံ့ပေးခြင်းဖြင့် စားသုံးသူများ၏ လိုလားချက်အတိုင်း ထုတ်လုပ်ပေးနိုင်သည့် ကော်ဖီလုပ်ငန်းရှင်များ ပေါ်ထွက်လာရန်ဖြစ်ကြောင်း Central Pattana Plc အကြီးတန်းအရာရှိဖြစ်သူ Ms. Kwankaew Sirijinda က ဖြည့်စွက် ပြောကြားခဲ့သည်။ Source: [www.bangkokpost.com](http://www.bangkokpost.com) ,သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: [https://myantrade.gov.mm/article/Naypyitawstp_091020240315](https://myantrade.gov.mm/article/Naypyitawstp_091020240315)

## တရုတ်နိုင်ငံက စီးပွားရေးမြှင့်တင်ရန် မူဝါဒသစ်များချမှတ်ခဲ့

တရုတ်နိုင်ငံသည် စတုတ္ထသုံးလပတ်တွင် စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် တန်ပြန်ပြုပြင် ပြောင်းလဲနိုင်မည့် မေခရိုမူဝါဒသစ်ချမှတ်မှုများ အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် စီးပွားရေး တိုးတက်မှုရည်မှန်းချက် ၅ ရာခိုင်နှုန်းဝန်းကျင်ကို အောင်မြင်စွာရရှိရေးအတွက် ခိုင်မာသောအခြေခံအုတ်မြစ်ချမှတ်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ပြောကြားခဲ့သည်ဟု သိရသည်။

မကြာမီကထုတ်ပြန်ခဲ့သည့် စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်တွင် ဈေးကွက်ယုံကြည်မှုနှင့် မျှော်လင့်ချက်များ သိသာစွာ မြှင့်တင်ပေးခဲ့သောကြောင့် ရင်းနှီးမြှုပ်နှံသူများက မူဝါဒအသစ်ဆိုင်ရာ အချက်အလက်များကို စောင့်ကြည့်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ထိရောက်စွာ ချဲ့ထွင်ရန်၊ စားသုံးမှုတွန်းအားပေးရန်နှင့် အိမ်ခြံမြေ ဈေးကွက်တည်ငြိမ်စေရန် အဓိကအာရုံစိုက်ဆောင်ရွက်မည့် မူဝါဒသစ်တစ်ရပ်ကို မကြာမီမိတ်ဆက်ဖွယ်ရှိကြောင်း စီးပွားရေးပညာရှင်များက ပြောကြားခဲ့သည်ဟုလည်း သိရသည်။

ဝါရှင်တန်ဒီစီတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဘဏ်၏ ၁၁၀ ကြိမ်မြောက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေး၌ တရုတ်နိုင်ငံ၏ အားကောင်းသည့် စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်ကို ဘဏ္ဍာရေး၊ ဒုတိယဝန်ကြီး Liao Min က အလေးပေး ပြောကြားခဲ့ကြောင်း၊ ဒေသန္တရ အစိုးရကြွေးမြီများဖြေရှင်းရန်၊ အိမ်ခြံမြေဈေးကွက် တည်ငြိမ်စေရန်၊ အဓိကကျသောအုပ်စုများ၏ ဝင်ငွေတိုးမြှင့်လာစေရန်၊ လူတို့၏အသက်မွေးဝမ်းကြောင်းမြှင့်တင်ရန်၊ စက်ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ရန်နှင့် လူသုံးကုန်ပစ္စည်းများ ကုန်သွယ်မှုတွန်းအားပေးဆောင်ရွက်ရန်စသည့် ခိုင်မာသောအစီအမံများဖြင့် ဘဏ္ဍာရေးမူဝါဒဆိုင်ရာ တန်ပြန်ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် စားသုံးမှုကို တွန်းအားပေးဆောင်ရွက်ရန် အစိုးရအသုံးစရိတ်ကို အသုံးချသည့်နည်းလမ်းဖြင့် ထိရောက်သောဝယ်လိုအား တိုးလာစေရေး ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ပြန်ကြားရေးဌာန၏ စီးပွားရေးခန့်မှန်းချက်ဌာန၊ Macroeconomic Research Office မှ လက်ထောက်ညွှန်ကြားရေးမှူး Zou Yunhan က တရုတ်နိုင်ငံ၏ စီးပွားရေးသည် တိုးမြှင့်လာမည့် မူဝါဒ အစီအစဉ်အရ စတုတ္ထသုံးလပတ်တွင်

အရှိန်တိုးတက်လာနိုင်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုများ ဆက်လက်ဆောင်ရွက်နေပြီး ဆန်းသစ်တီထွင်သည့် နည်းပညာမြှင့်တင်မှုဆိုင်ရာခြေလှမ်းများ ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

ဝါရှင်တန်တွင် ကျင်းပသည့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းအဖွဲ့များအကြား အစည်းအဝေးတွင် အမေရိကန်က စည်းကြပ်ခွန် တိုးမြှင့်ကောက်ခံမှုအပေါ် တရုတ်နိုင်ငံအနေဖြင့်စိုးရိမ်ကြောင်း၊ နှစ်နိုင်ငံ မေခရိုစီးပွားရေး အခြေအနေများ၊ မူဝါဒများနှင့် ပတ်သက်သော နက်ရှိုင်း၍ လက်တွေ့ကျကာအပြုသဘောဆောင်သည့် ဆွေးနွေးပွဲများ၊ ကမ္ဘာ့စိန်ခေါ်မှုများ တုံ့ပြန်ဆောင်ရွက်ခြင်းအပါအဝင် ဝင်ငွေနည်းပါးသည့် နိုင်ငံများ၏ liquidity challenge များ ရင်ဆိုင်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဆက်သွယ်ဆောင်ရွက်ရန် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့ ကြောင်းသိရသည်။

တရုတ်အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအသင်းဥက္ကဋ္ဌ Jin Xu က အမေရိကန်မှဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်းနှင့်ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာမူဝါဒများ(decouple and sever industrial and supply chains၊ small yards with high fences) စသည်တို့မှာ နောက်ဆုံးတွင် အမေရိကန်စီးပွားရေးလုပ်ငန်းများ၊ ကမ္ဘာ့စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များကိုထိခိုက်နိုင်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံ၏ နည်းပညာစွမ်းဆောင်နိုင်မှု၊ ခိုင်မာသည့် စက်မှုအခြေခံအုတ်မြစ်နှင့် အစိုးရ၏ပံ့ပိုးကူညီမှုများဖြင့် နည်းပညာဆိုင်ရာ တားဆီးမှုများကို ကျော်လွှားရန် ကောင်းမွန်သည့် အနေအထားတွင် ရပ်တည်လျက်ရှိကြောင်း၊ Chips သို့မဟုတ် AI စသည်တို့တွင် တရုတ်နိုင်ငံက အစွမ်းကုန်အောင်မြင်မှုများ ဆောင်ရွက်နိုင်မည်ဟုယုံကြည်ကြောင်း၊ တရုတ်နိုင်ငံသည် စက်မှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာကာလသစ်ကို ဦးဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်ပြန်ကြားရေးဌာန၏ တာဝန်ရှိသူက ပြောကြားထားကြောင်း သိရသည်။

အမျိုးသားစာရင်းအင်းဗျူရို၏ အချက်အလက်များအရ တရုတ်နိုင်ငံသည် တည်ငြိမ်စွာဖြင့် စီးပွားရေးပြန်လည်ဦးမော့နိုင်သည့်လမ်းကြောင်းတွင်ရှိသော်လည်း အဓိကစက်မှုလုပ်ငန်းကုမ္ပဏီများ၏အမြတ်မှာ ဇန်နဝါရီမှ စက်တင်ဘာလအတွင်း ယခင်နှစ်ကာလတူထက် ၃ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ စီးပွားရေးတွင် အဓိကရင်ဆိုင်နေရသော ဝယ်လိုအားနည်းပါးမှုဆိုင်ရာစိန်ခေါ်မှုများရှိခဲ့ကြောင်းနှင့် လက်ရှိမူဝါဒများနှင့် မူဝါဒသစ်များတိုးမြှင့်၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရန် ပိုမိုကြိုးပမ်းဆောင်ရွက်သင့်သည်ဟု NBS စာရင်းအင်းပညာရှင် Yu Weining မှပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီ၏ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ Institute of Finance and Banking မှ တွဲဖက်သုတေသီ Cao Jing က အစိုးရသည် လူမှုဖူလုံရေးကဏ္ဍများတွင် ဘဏ္ဍာရေးအသုံးစရိတ်တိုးမြှင့်ရန် အထူးငွေတိုက်စာချုပ်များထုတ်ပေးခြင်း၊ အဓိကကဏ္ဍများ၊ အုပ်စုများ (ဝန်ဆောင်မှုကဏ္ဍများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် တက္ကသိုလ်ဘွဲ့ရများအပါအဝင်)အတွက် ပံ့ပိုးကူညီမှုများ တိုးမြှင့်သင့်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် စားသုံးသူများကို ပိုမိုသုံးစွဲရန်တွန်းအားပေးနိုင်ပြီး စီးပွားရေးမျှော်မှန်းချက်များတည်ငြိမ်စေရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

Source: https://www.chinadaily.com.cn/a/202410/28/WS671ec767a310f1265a1c9daf.html

စီးပွားရေးသံမှူး ၊ပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

Source: https://myantrade.gov.mm/article/Naypyitawstp-281020240200

## လုပ်ငန်းပိတ်သိမ်းမှုတိုးမြှင့်လာချိန်တွင် SMEs လုပ်ငန်းများအတွက် အကူအညီပိုမိုပေးနိုင်ရန် ဟောင်ကောင်ဒေသ အစိုးရစဉ်းစား

ပြီးခဲ့သည့် နှစ်နှစ်အတွင်း ကုမ္ပဏီပိတ်သိမ်းမှုများ တိုးမြှင့်လာခြင်းနှင့်အတူ စီးပွားရေးအပြောင်းအလဲများကို အမီလိုက်နိုင်ရန် အသေးစားနှင့် အလတ်စားလုပ်ငန်းများအား အကူအညီပေးရေး ဆောင်ရွက်ချက်များကို ဟောင်ကောင်ဒေသအစိုးရစဉ်းစားဖော်ဆောင်သွားမည်ဖြစ်ကြောင်း South China Morning Post သတင်းဌာနမှ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် “Hong Kong leader to consider more SME help amid rising business closures” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

ဒေသအစိုးရအနေဖြင့် SMEs လုပ်ငန်းများကို ထောက်ပံ့ပေးလျက်ရှိရာ ဟောင်ကောင်ဒေသအမှတ်တံဆိပ်များကို အသိအမှတ်ပြုမှုမြှင့်တင်ရေးနှင့် တရုတ်ပြည်မဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရာတွင် အကူအညီပေးနိုင်ရေးအတွက် ယခုနှစ်ဇန်နဝါရီလအတွင်း၌ ဌာနဆိုင်ရာများ ပူးပေါင်းဖွဲ့စည်းထားသည့် e-commerce လုပ်ငန်းအဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့သည်ဟု ဟောင်ကောင်ဒေသအုပ်ချုပ်ရေးမှူးချုပ် John Lee Ka-chiu က ပြောကြားခဲ့သည်။

လာမည့်သီတင်းပတ်အတွင်း နှစ်စဉ်မူဝါဒဆိုင်ရာ မိန့်ခွန်းပြောကြားမည့် ဟောင်ကောင်ဒေသ အုပ်ချုပ်ရေးမှူးချုပ်သည် SMEs လုပ်ငန်းများမှ ကိုယ်စားလှယ်များကိုတွေ့ဆုံခဲ့ပြီး၊ ထိုသို့တွေ့ဆုံစဉ် ဒေသစီးပွားရေးအသွင်ပြောင်းလဲမှုနှင့် ပြန်လည်

ထူထောင်ချိန်တွင် လုပ်ငန်းနယ်ပယ်အသီးသီး၌ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုနှင့်အခက်အခဲများကိုသိရှိခဲ့ရသည်ဟု ၎င်း၏ဆိုရှယ်မီဒီယာအကောင့်တွင် ရေးသားထားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာအတွင်း အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ စီးပွားရေးအမြင် တည်ငြိမ်နေပြီး မျှော်မှန်းချက်မြင့်တက်လာသည်ဟု သန်းခေါင်စာရင်းနှင့် စာရင်းအင်းဌာနက ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ဟောင်ကောင်ဒေသပြင်ပ၌ ဖြစ်ပေါ်နေသည့် မရေရာမှုများကြောင့် ဒေသအပေါ်သက်ရောက်မှုရှိနေချိန်တွင် အမေရိကန်နိုင်ငံ၏ အတိုးနှုန်းလျှော့ချမှုကြောင့် စီးပွားရေးအသိုင်းအဝိုင်း၏အမြင်မှာ အကောင်းဘက်သို့ဦးတည်နေကြောင်းနှင့် ဗဟိုအစိုးရက လတ်တလောချမှတ်ဆောင်ရွက်နေသည့် တရုတ်ပြည်မ၏ စီးပွားရေးအထောက်အကူပြု မူဝါဒများနှင့် ဆောင်ရွက်ချက်များသည်လည်း ဟောင်ကောင်ဒေသအတွက် အကျိုးပြုရုံသာမက အသေးစားနှင့်အလတ်စားလုပ်ငန်းများကို အထောက်အကူပြု မည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်ဟု ရေးသားဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဇွန်လအထိ စာရင်းဇယားများအရ ဟောင်ကောင်ဒေသတွင် အသေးစားနှင့် အလတ်စားလုပ်ငန်း (SMEs) ၃၆၀,၀၀၀ ခန့်ရှိပြီး စုစုပေါင်း စီးပွားရေးလုပ်ငန်းများ၏ ၉၈ ရာခိုင်နှုန်းရှိသည်။ ပြီးခဲ့သည့် နှစ်နှစ်အတွင်း ကုမ္ပဏီများပိတ်သိမ်းမှုတိုးလာပြီး ၂၀၂၂ ခုနှစ်တွင် ကုမ္ပဏီ ၈၈,၂၃၂ ခု၊ ၂၀၂၃ ခုနှစ်တွင် ၉၄,၀၀၂ ခုနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ သြဂုတ်လအတွင်း ၇၆,၇၀၇ ခု ပိတ်သိမ်းခဲ့ကြောင်း ကုမ္ပဏီမှတ်ပုံတင်ဌာနမှ အချက်အလက်များတွင် ဖော်ပြထားသည်။

တာဝန်ရှိသူများအနေဖြင့် မူဝါဒတစ်ခုတည်းကိုအမှီပြု၍ လုပ်ငန်းအားလုံးကို အကူအညီမပေးနိုင်ကြောင်း၊ လုပ်ငန်းနယ်ပယ်အသီးသီး ကြုံတွေ့နေရသည့် အခြေအနေများကို လေ့လာသင့်ကြောင်းနှင့် ကဏ္ဍအလိုက် အထောက်အပံ့ပေးသည့်အစီအစဉ်မရှိပါက ထင်သလောက်အကျိုးဖြစ်ထွန်းမည်မဟုတ်သောကြောင့် အစိုးရအနေဖြင့် လုပ်ငန်းကဏ္ဍများအသီးသီးအတွက် လိုအပ်သည့်ထောက်ပံ့ရေးအစီအစဉ်များကို စဉ်းစားသင့်သည်ဟု ဥပဒေပြုအမတ် Johnny Ng Kit-chongက တိုက်တွန်းပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် ဟောင်ကောင်ဒေသ၏ လက်လီရောင်းချမှုကဏ္ဍ၌ လျင်လျင်မြန်မြန် ပြောင်းလဲနေပြီး စားသုံးသူများအနေဖြင့် e-commerce ပလက်ဖောင်းနှင့် social media များကို အသုံးပြုဈေးဝယ်ခြင်းများ ပိုမိုမြင့်မားနေသော်လည်း ငွေရေးကြေးရေးအခက်အခဲကြောင့် SMEs လုပ်ငန်းများအနေဖြင့် e-commerce ပလက်ဖောင်းသို့ ကူးပြောင်းလုပ်ဆောင်ခြင်းမရှိသည့် အခြေအနေများနှင့် ရင်ဆိုင်နေရသည်။ သို့ဖြစ်၍ SMEs လုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်စေရန် ဟောင်ကောင်ဒေသအစိုးရအနေဖြင့် branding, upgrading and domestic sales – the BUD Fund မှတစ်ဆင့် လုပ်ငန်းများအကူအညီပေးလျက်ရှိပြီး၊ နောက်ထပ်ကူညီ ထောက်ပံ့မှုများ ပိုမိုလုပ်ဆောင်ပေးနိုင်ရေးအတွက် ဒေသအစိုးရအနေဖြင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ (စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_141020240400

## စင်ကာပူနိုင်ငံနှင့် Shandong ပြည်နယ်တို့အကြား အစိမ်းရောင်နှင့် ဒီဂျစ်တယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး စင်္ကြံန်တည်ထောင်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

စင်ကာပူနိုင်ငံ၊ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ (The Maritime and Port Authority of Singapore-MPA)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Shandong ပြည်နယ်၊ ပို့ဆောင်ရေးဌာနတို့အကြား အစိမ်းရောင်နှင့်ဒီဂျစ်တယ် ရေကြောင်းသယ်ယူပို့ဆောင်ရေးစင်္ကြံန်(Singapore – Shandong Green and Digital Shipping Corridor – GDSC) တည်ထောင်ရေးအတွက် နားလည်မှုစာချွန်လွှာကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့က စင်ကာပူမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ၂၅ ကြိမ်မြောက် စင်ကာပူ – Shandong စီးပွားရေးကောင်စီအစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့သည်။ နားလည်မှုစာချွန်လွှာကို MPA ၏ Chief Executive ဖြစ်သူ Mr. Teo Eng Dih နှင့် Shandong ပြည်နယ်၊ ပို့ဆောင်ရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Mr. Gao Hongyan တို့က လက်မှတ် ရေးထိုးခဲ့သည်။

GDSC သည် စင်ကာပူနိုင်ငံနှင့် Shandong ပြည်နယ်တို့အကြား ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး တိုးတက်စေမည်ဖြစ်ပြီး စင်ကာပူနိုင်ငံ၊ Bohai နှင့် ပင်လယ်ဝါဒေသတို့ကြား ပင်လယ်ရေကြောင်းကဏ္ဍ တိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုအားပေးပြီး ဒီဂျစ်တယ်စနစ် အသုံးပြုသည့်နည်းလမ်းများချမှတ်နိုင်ရန်အတွက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုရှိသည့် စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

စင်ကာပူနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး သင်္ဘောလောင်စာဆီ ဖြည့်တင်းမှုပြုလုပ်သည့်နိုင်ငံဖြစ်ပြီး အလုပ်အများဆုံးပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးဆိပ်ကမ်းတည်ရှိသည်။ Shandong ပြည်နယ်မှာလည်း ကမ်းရိုးတန်းပြည်နယ်ဖြစ်ပြီး တရုတ်နိုင်ငံ၏ ကမ်းရိုးတန်းတစ်လျှောက် အဓိကဆိပ်ကမ်းများနှင့် သင်္ဘောကျင်းများတည်ရှိသည့် ပြည်နယ်ဖြစ်သည်။ Shandong ပြည်နယ်တွင် Qingdao ဆိပ်ကမ်းတည်ရှိပြီး သင်္ဘော ကုန်သေတ္တာများ ကုန်တင်ကုန်ချပြုလုပ်သည့် ကမ္ဘာ့အလုပ်

အများဆုံးဆိပ်ကမ်းဖြစ်သည်။ Shandong ပြည်နယ်သည် တရုတ်နိုင်ငံတွင် တတိယစီးပွားရေးအင်အားကြီးပြည်နယ်ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် GDP စင်ကာပူ ဒေါ်လာ ၁ ဒသမ ၇ ထရီလီယံရှိသည်။

နားလည်မှုစာချွန်လွှာအရ စင်ကာပူဆိပ်ကမ်းအာဏာပိုင်အဖွဲ့နှင့် Shandong ပြည်နယ်၊ ပို့ဆောင်ရေးဌာနတို့သည် ဒီဂျစ်တယ်အသုံးပြုခြင်း၊ သယ်ယူပို့ဆောင်ရေးတွင် ကာဗွန်လျှော့ချခြင်းတို့ကို မြင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ပင်လယ်ရေကြောင်း အုပ်ချုပ်ရေးကဏ္ဍမှ ကိုယ်စားလှယ်များ၊ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်သူ များ၊ ပင်လယ်ရေကြောင်းကုမ္ပဏီများ၊ အဆင့်မြင့်သင်ကြားရေးတက္ကသိုလ်များ၊ သင်္ဘောကျင်းများ စသည်တို့မှ ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်လာသည့်နည်းပညာများ၊ အစားထိုးလောင်စာဆီများကို ဘေးကင်းစွာကိုင်တွယ်စီမံနိုင်ရန် သင်တန်းပေးခြင်း၊ အသိပညာဖလှယ်ခြင်း၊ ဆိပ်ကမ်း ရှင်းလင်းရေးလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရေးအတွက် သတင်းအချက်အလက်များဖလှယ်ခြင်း၊ အလေ့အကျင့်ကောင်းများနှင့် စံသတ်မှတ်ချက်များ ဖလှယ်ခြင်းစသည့်ကိစ္စရပ်များကို အဓိကထား ဆောင်ရွက်သွား မည်ဖြစ်သည်။

နားလည်မှုစာချွန်လွှာသည် စင်ကာပူ – Tianjin GDSC ပြီးနောက် စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဒုတိယမြောက် GDSC ဖြစ်သည်။

ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့လျင်မြန်ခြင်း၊ အဆင့်မြင့်ဆိပ်ကမ်း ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ကုန်သွယ်မှုတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ပြီး နိုင်ငံတကာကုန်စည်စီးဆင်းမှုများ၏ အချက်အခြာနေရာ ဖြစ်လာစေမည်ဖြစ်သည်။ သို့ဖြစ်ရာ စင်ကာပူနိုင်ငံသည် ၎င်း၏ အားသာချက်ဖြစ်သည့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုကောင်းမွန်စေရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ချဉ်းကပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သုံးသပ်ရသည်။ ရင်းမြစ်။ The Maritime and Port Authority of Singapore စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့, Source: https://myantrade.gov.mm/article/Naypyitawstp_151020240305

## ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ DHL Express ဈေးနှုန်းများ တိုးမြှင့်တော့မည်

နိုင်ငံတကာ အမြန်ပို့ဆောင်ရေး ဝန်ဆောင်မှုပေးသည့် DHL Express သည်၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက် နေ့မှ စတင်ကာ ပျမ်းမျှဈေးနှုန်း ၆ ဒသမ ၉ ရာခိုင်နှုန်းတိုးလာမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် နေ့ထုတ် မလေးရှားသတင်းစာ Bernama က ဖော်ပြခဲ့သည်။

DHL Express ၏ မလေးရှားနှင့် ဘရူနိုင်းရုံးခွဲ မန်နေဂျင်းဒါရိုက်တာ Julian Neo က ကမ္ဘာတစ်ဝှမ်း နိုင်ငံရေးစိန်ခေါ်မှုများနှင့် ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်မှုများရှိနေသော်လည်း ကုမ္ပဏီသည် ယုံကြည်စိတ်ချရသော ဝန်ဆောင်မှုဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ နှစ်စဉ်ဈေးနှုန်းညှိနှိုင်းမှုဖြင့် ကုမ္ပဏီ၏ခံနိုင်ရည်အားနှင့် လိုက်လျောညီထွေရှိမှုတို့မြှင့်တင်ကာ ကွန်ရက်တွင်ဆက်လက်ရပ်တည်မည်ဖြစ်ကြောင်း၊ ပြင်ပအခြေအနေမည်သို့ပင်ရှိစေကာမူ ဖောက်သည်များ၏ စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လုပ်ထုံးလုပ်နည်းနှင့်လုံခြုံရေးနည်းလမ်းများကြောင့်ဖြစ်သည့် ငွေကြေးဖောင်းပွမှု၊ ငွေကြေးမတည်ငြိမ်မှုနှင့် အုပ်ချုပ်မှုကုန်ကျစရိတ်များအရ DHL Express သည် ဈေးနှုန်းများကို နှစ်စဉ်ပြန်လည်သုံးသပ်ကာ ပြည်တွင်းနှင့် နိုင်ငံတကာ နယ်မြေပေါင်း ၂၂၀ ကျော် တွင် အဆိုပါအစီအမံများကို မွမ်းမံပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။ ရင်းမြစ်။ Bernama Source: https://commerce.gov.mm/my/article/update-news-international-trade/31787

## အီးယူမှတင်သွင်းသည့် ဘရန်ဒီအရက်များအတွက် anti-dumping measures များသည် WTO စည်းမျဉ်းများကို လိုက်နာမှုရှိကြောင်း တရုတ်ကပြောကြား

ဥရောပသမဂ္ဂမှ တင်သွင်းလာသော ဘရန်ဒီအရက်များအပေါ် ဆောင်ရွက်မည့် တရုတ်နိုင်ငံ၏ anti-dumping measures များသည် တရုတ်စက်မှုလုပ်ငန်းမှ စတင်ခဲ့သော တရားဝင်ကုန်သွယ်မှု ကုစားရေးအစီအမံများဖြစ်ပြီး WTO စည်းမျဉ်းများကို အပြည့်အဝလိုက်နာကြောင်း တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း သိရသည်။

အီးယူသည် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် လျှပ်စစ်မော်တော်ယာဉ်(EVs)များအပေါ် အခွန်စည်းကြပ်ရန် မဲခွဲဆုံးဖြတ်ပြီး ရက်ပိုင်းအကြာ၌ အီးယူမှထုတ်လုပ်သည့် ဘရန်ဒီများအပေါ် တရုတ်နိုင်ငံက anti-dumping measures များချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ လျှပ်စစ်မော်တော်ယာဉ်(EV)များနှင့်ပတ်သက်၍ အီးယူ၏ ထောက်ပံ့ကူညီမှုမပြုရေးစုံစမ်းစစ်ဆေးမှု (anti-subsidy investigation)သည် အီးယူအဖွဲ့ဝင်နိုင်ငံများရှိ လုပ်ငန်းများ၏ တောင်းဆိုမှုများကြောင့်မဟုတ်ကြောင်းနှင့် ခိုင်မာသောအချက်အလက်နှင့် တရားဝင်အခြေခံအကြောင်းအရင်းမရှိကြောင်း၊ EU ၏ အရေးယူဆောင်ရွက်မှုများသည်

ကုန်သွယ်မှုကုစားရေးဆိုင်ရာအစီအမံများကို အယောင်ပြအသုံးပြု၍ ပြည်တွင်းလုပ်ငန်းများကို အကာအကွယ်ပေးသည့် အသွင်ဆောင်သည့်လုပ်ဆောင်ချက်ဖြစ်သဖြင့် WTO စည်းမျဉ်းများကို ရှင်းရှင်းလင်းလင်းချိုးဖောက်ခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခိုင်အမာ ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ လျှပ်စစ်မော်တော်ယာဉ်(EV)လုပ်ငန်း၏ တရားဝင်ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးကို အခိုင်အမာ ကာကွယ်ရန်အတွက် တရုတ်နိုင်ငံသည် WTO ၌ ပြင်းထန်စွာကန့်ကွက်ခဲ့ပြီး WTO အငြင်းပွားမှုဖြေရှင်းရေး ယန္တရားမတိုင်မီ သက်ဆိုင်ရာထောက်ပံ့ကူညီမှုမပြုရေး အစီအမံများကို ချပြခြင်းဖြစ်သည်ဟု အဆိုပါပြောရေး ဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အီးယူတို့အကြား ပိုမိုကျယ်ပြန့်သော စီးပွားရေးနှင့်ကုန်သွယ်မှုအကျိုးစီးပွားများကို ကာကွယ်ရန်အတွက် ၎င်း၏ လုပ်ဆောင်များကို ချက်ချင်းပြင်ဆင်ရန် အီးယူအား တရုတ်နိုင်ငံက တိုက်တွန်းထား ကြောင်း သိရသည်။

အီးယူမှ တရုတ်နိုင်ငံထုတ် လျှပ်စစ်မော်တော်ယာဉ်များအပေါ် အခွန်တိုးမြှင့်ကောက်ခံမည့်အပေါ် တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံမှ အီးယူနိုင်ငံထုတ် နို့ထွက်ပစ္စည်းများ၊ ဘရန်ဒီများအပေါ် anti-dumping measures များဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းများကို အပြည့်အဝ အကာအကွယ်ပေးနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို သိရသည်။

Source: https://news.cgtn.com/news/2024-10-09/China-says-anti-dumping-measures-for-EU-brandy-comply-with-WTO-rules-1xyOmNjye6k/p.html, (စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp-151020240201

## ပေကျင်းသည် ယွမ်ငွေကို ကမ္ဘာ့ငွေကြေးအဆင့်ဖြစ်ရန် ရည်မှန်းထားသောကြောင့် ၂၀၂၄ ခုနှစ် ပထမ ၈ လအတွင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် ၂၁ ဒသမ ၁ ရာခိုင်နှုန်းတိုးမြင့်သုံးစွဲခဲ့

၂၀၂၄ ခုနှစ် ပထမ ၈ လအတွင်း တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် ငွေပေး/ငွေယူကိစ္စများ၌ ယွမ်ငွေ သုံးစွဲမှုသည် ပြီးခဲ့သည့်နှစ်ကထက် ၂၁ ဒသမ ၁ ရာခိုင်နှုန်းတိုးလာသောကြောင့် သိသိသာသာ တိုးတက်ခဲ့သည်ဟုဆိုနိုင်ကြောင်း တရုတ်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့သည်။

အဆိုပါတိုးတက်မှုသည် ကမ္ဘာ့ကူးသန်းရောင်းဝယ်မှုတွင် ယွမ်ငွေအသုံးပြုမှုမြှင့်တင်ရန် လုပ်ဆောင်နေသော ပေကျင်း၏မဟာဗျူဟာကို ထင်ဟပ်လျက်ရှိကြောင်း၊ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် ယွမ်ငွေဖြင့် အရောင်းအဝယ်ပြုလုပ်မှုများသည် ၄၁ ဒသမ ၆ ထရီလီယံ(အမေရိကန်ဒေါ်လာ ၅ ဒသမ ၉ ထရီလီယံ)ထိ ရောက်ရှိခဲ့ကြောင်း ကုန်စည်ကုန်သွယ်မှုနှင့်ပတ်သက်သည့် ငွေပေး/ငွေယူကိစ္စများတွင် နိုင်ငံခြားငွေကြေးများအပါအဝင် ယွမ်ငွေ တရားဝင်အသုံးပြုမှုသည် ၂၆ ဒသမ ၅ ရာခိုင်နှုန်းထိ တိုးတက်လာသဖြင့် နိုင်ငံတကာကုန်သွယ်ဖက်များကြားတွင် ယွမ်ငွေ လက်ခံအသုံးပြုမှု တိုးတက်လာခြင်းဖြစ်ကြောင်း South China Morning Post သတင်းဌာနက ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်များအကြား ငွေကြေးဆက်သွယ်မှုအဖွဲ့ (Society for Worldwide Interbank Financial Telecommunication-Swift)၏ အချက်အလက်များအရ ကမ္ဘာ့ကူးသန်းရောင်းဝယ်မှုများ၌ ယွမ်ငွေပါဝင်မှုသည် ဇူလိုင်လတွင် ၄ ဒသမ ၇၄ ရာခိုင်နှုန်းရှိရာမှ ဩဂုတ်လတွင် ၄ ဒသမ ၆၉ ရာခိုင်နှုန်းသို့ အနည်းငယ် ကျဆင်းသွားခဲ့ကြောင်း၊ သို့သော် ယွမ်ငွေပါဝင်မှု ရာခိုင်နှုန်းသည် ၄ အထက်ကို ၁၀ လဆက်တိုက်ထိန်းထားနိုင်ခဲ့သဖြင့် ငွေပေးချေမှုတွင် ကမ္ဘာ့စတုတ္ထ အသုံးအများဆုံးငွေကြေးဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာကုန်သွယ်မှုတွင် အမေရိကန်ဒေါ်လာကို ပိုမိုအသုံးပြုလိုမှုက မပြောင်းလဲသော်လည်း ယွမ်ငွေကို ပိုမိုအသုံးပြုစေရန် တရုတ်မှ မဟာဗျူဟာချမှတ်ဆောင်ရွက်နေခြင်းသည် နိုင်ငံရေးအရ လွှမ်းမိုးလိုခြင်းဖြစ်ကြောင်း၊ တရုတ်သည် နိုင်ငံတကာငွေကြေးစနစ်များကို ပြန်လည်ပုံဖော်ရန်နှင့် အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုလျှော့ချရန် ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် စီးပွားဆက်ဆံသည့်နိုင်ငံများ ပိုမိုများပြားလာသည်နှင့်အမျှ ယွမ်ငွေသုံးစွဲမှုတိုးလာကာ ခိုင်မာသော အခန်းကဏ္ဍမှရပ်တည်ပြီး နိုင်ငံတကာကုန်သွယ်မှုနှင့် ကမ္ဘာ့ငွေကြေးအပေါ် အမြင်များ၍သိသာထင်ရှားသော ပြောင်းလဲမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း WION သတင်းဌာနက ဖော်ပြထားသည်။

ထို့ကြောင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် ယွမ်ငွေအသုံးပြုမှုတိုးတက်လာခြင်းသည် ကိန်းဂဏန်းများတိုးလာရုံသာမက ကမ္ဘာ့စီးပွားရေးဆက်နွယ်မှုကိုပြန်လည်ပုံဖော်လိုသည့် တရုတ်၏မဟာဗျူဟာမြောက် ဆောင်ရွက်ချက်တစ်ခုဖြစ်ကြောင်း၊ ယင်းဆောင်ရွက်ချက်များပြောင်းလဲလာသည်နှင့်အမျှ ကမ္ဘာ့ကူးသန်းရောင်းဝယ်ရေးနှင့် ငွေကြေးကဏ္ဍများတွင် ရေရှည်အကျိုးသက်ရောက်မှုများရှိနေမည်ဖြစ်ကြောင်း WION သတင်းဌာနက ဖော်ပြထားသည်ကို တင်ပြလိုက်ရသည်။

ရင်းမြစ်။ WION သတင်းဌာန

Source: https://commerce.gov.mm/my/article/update-news-international-trade/31805

## Semiconductor-Grade Polysilicon ထုတ်လုပ်မှုတိုးချဲ့ရန် အမေရိကန်အစိုးရသည် Hemlock Semiconductor ကုမ္ပဏီနှင့် ပဏာမသဘောတူညီခဲ့

အမေရိကန်အစိုးရ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် Hemlock Semiconductor (HSC) ကုမ္ပဏီ တို့သည် တစ်ပိုင်းလျှပ်ကူးပစ္စည်းတွင်အသုံးပြုနိုင်သည့်အဆင့်ရှိသော ပိုလီဆီလီကွန် ခေါ် Semiconductor-Grade Polysilicon ထုတ်လုပ်မှုတွင် အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်လာစေရန် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၂၅ သန်း ထောက်ပံ့မည့်ပဏာမ သဘောတူညီချက်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ကြသည်။

အဆိုပြု ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ HSC ကုမ္ပဏီ၏ မီချီဂန်ပြည်နယ်ရှိ စက်ရုံဝင်းအတွင်း စက်ရုံအသစ် တစ်ခု တည်ဆောက်သွားမည်ဖြစ်ရာ စက်ရုံတည်ဆောက်ရာတွင် ဆောက်လုပ်ရေးလုပ်ငန်း အလုပ်အကိုင်ပေါင်း ၁,၀၀၀ ကျော်နှင့် စက်ရုံ၏ကုန်ထုတ်လုပ်မှုလုပ်ငန်း၌ အလုပ်အကိုင်ပေါင်း ၁၈၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်သည်။ HSC သည် အမေရိကန် နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာ့ Semiconductor-Grade Polysilicon ထုတ်လုပ်သည့်လုပ်ငန်း ၅ ခု အနက် တစ်ခု ဖြစ်ကြောင်း သိရသည်။ (ဇစ်မြစ်။ အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန), စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ

Source: https://myantrade.gov.mm/article/Naypyitawstp-241020241040

## စားသုံးသူအငြင်းပွားမှုများဖြေရှင်းရေး ယန္တရားတစ်ခု ဟောင်ကောင်နှင့် ထိုင်းနိုင်ငံတို့ ထူထောင်

ထိုင်းနိုင်ငံနှင့် ဟောင်ကောင်ဒေသတို့မှ စားသုံးသူရေးရာကောင်စီတို့အကြား အမှုတွဲ လွှဲပြောင်းပေးမည့် ယန္တရား တစ်ခုအတွက် ထိုင်းနှင့် ဟောင်ကောင်ဒေသတို့အကြား နားလည်မှုစာချွန်တစ်စုံကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း The standard သတင်းဌာနမှ “HK, Thailand set up mechanism to settle consumer disputes” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်ကြောင့် နှစ်ဖက်အကြား စားသုံးရေးရာအငြင်းပွားမှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် များဖလှယ်ခြင်းနှင့် တိုင်ကြားချက်များကို လွှဲပြောင်းခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်သည့် ဟောင်ကောင်မှ ခရီးသွားများအနေဖြင့် ထိုင်းကုန်သည်များနှင့် အငြင်းပွားမှုများဖြစ်ပွားပါက ဟောင်ကောင်ဒေသ စားသုံးသူကောင်စီသို့ တိုင်ကြားနိုင်ပြီဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

အဆိုပါလွှဲပြောင်းရေးအစီအစဉ်အရ ဟောင်ကောင်ဒေသနှင့် ထိုင်းတို့အကြား အပြန်အလှန်သွားရောက်သည့် ခရီးသွား များအနေဖြင့် ကြုံတွေ့ရသည့် စားသုံးသူရေးရာကိစ္စရပ်များကို မိမိတို့ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ရောက်ရှိချိန်တွင် စားသုံးသူရေးရာကောင်စီများတွင် တိုင်ကြားနိုင်ကြောင်း၊ တိုင်ကြားသူ၏ သဘောတူညီချက်ရယူပြီး နှစ်ဖက်စားသုံးသူရေးရာ ကောင်စီများအကြား တိုင်ကြားသည့်ကိစ္စရပ် ဖြေရှင်းဆောင်ရွက်နိုင်ရန် အသေးစိတ်အချက်အလက်များကို ဖလှယ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

၂၀၂၃ ခုနှစ်အတွင်း ဟောင်ကောင်ဒေသမှ ထိုင်းနိုင်ငံသို့ လာရောက်သည့်ခရီးသွားဦးရေ ၈၀၀,၀၀၀ ကျော်ရှိပြီး၊ ကိုဗစ် မတိုင်ခင်ကာလ၏ ၈၀ ရာခိုင်နှုန်းအထိ ပြန်လည်ရောက်ရှိလာပြီကြောင်းနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း၌ လည်း ၆၆၀,၀၀၀ ဦးကျော်လာရောက်ခဲ့ကြောင်း ထိုင်းနိုင်ငံ၊ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ခဲ့သည်ဟု ရေးသား ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း ဟောင်ကောင်ဒေသသို့ လာရောက်သည့် ထိုင်းခရီးသွားဦးရေ ၄၅၀,၀၀၀ ရှိကြောင်း ဟောင်ကောင်ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့မှ ထုတ်ပြန်ခဲ့သည်ဟု ရေးသားဖော်ပြထားသည်။

၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ဟောင်ကောင်စားသုံးသူရေးရာကောင်စီမှ ထိုင်းနိုင်ငံတွင် အိမ်ခြံမြေ ဝယ်ယူမှု စုစုပေါင်းတန်ဖိုး ဟောင်ကောင်ဒေါ်လာ ၆ သန်း ကျော်အတွက် တိုင်ကြားချက်ပေါင်း ၃၃ ခုကျော် လက်ခံရရှိခဲ့ကြောင်း၊ အလားတူ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ဟောင်ကောင်ဒေသသို့လာရောက်သည့် ထိုင်းခရီးသွားများမှ စာချုပ်နှင့်ကွဲလွဲမှု သို့မဟုတ် စာချုပ်ရပ်စဲမှုနှင့် ရောင်းချမှုအလေ့အထများနှင့်စပ်လျဉ်း၍ တိုင်ကြားချက် ၆ ခု လက်ခံရရှိခဲ့ကြောင်းနှင့် ပြီးခဲ့သည့် သုံးနှစ်အတွင်း ထိုင်းနိုင်ငံ စားသုံးသူရေးရာကောင်စီ အနေဖြင့် ဟောင်ကောင်ခရီးသွားများထံမှ တိုင်းကြားချက်တစ်စုံတစ်ရာ လက်ခံရရှိခဲ့ခြင်းမရှိကြောင်း ရေးသားဖော်ပြထားသည်။

ဟောင်ကောင်စားသုံးသူရေးရာကောင်စီအနေဖြင့် ကိုရီးယားစားသုံးသူရေးရာအေဂျင်စီ (၂၀၁၇)၊ ဂျပန်နိုင်ငံ အမျိုးသား စားသုံးသူရေးရာဗဟိုဌာန(၂၀၁၈)နှင့် စင်ကာပူ စားသုံးသူအသင်း (၂၀၁၉) အပါအဝင် အခြား အာရှနိုင်ငံများနှင့်လည်း အလားတူ သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့။ Source: https://myantrade.gov.mm/article/Naypyitawstp-281020240420

## ထိုင်းနိုင်ငံ၌ အီလက်ထရောနစ်စနစ်တစ်ခု တည်ထောင်သွားရန်ရှိသဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသွားလာရေး လွယ်ကူချောမွေ့စေရေးအတွက် TM6 လူဝင်မှုကြီးကြပ်ရေးဖောင်များတောင်းခံခြင်းကို ၂၀၂၅ ခုနှစ် ဧပြီလအထိ သက်တမ်းတိုး ရပ်ဆိုင်းသွားရန်ရှိ

ထိုင်းနိုင်ငံ၌ အီလက်ထရောနစ်ခရီးသွားလာခွင့်ပြုသည့်စနစ်အသစ် (Electronic Travel Authorization-ETA) တွင် ခရီးသွားလာရေး အခကြေးငွေကောက်ခံခြင်းကို ပေါင်းစပ်တည်ထောင်သွားရန်ရှိသဖြင့် နယ်စပ် ဖြတ်ကျော် ခရီးသွားလာရေး၌ လွယ်ကူချောမွေ့စေရန် TM6 လူဝင်မှုကြီးကြပ်ရေးဖောင်များ တောင်းခံခြင်းကို ၂၀၂၅ ခုနှစ် ဧပြီလအထိ သက်တမ်းတိုး ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ခရီးသွားနှင့် အားကစားဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ကုန်းလမ်းနှင့် ရေကြောင်းလမ်းတို့မှ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားများအတွက် TM6 လူဝင်မှုကြီးကြပ်ရေးဖောင်များ တောင်းခံခြင်းအား ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ သက်တမ်းတိုး ရပ်ဆိုင်းသွားနိုင်ရေး အပေါ် အစိုးရအဖွဲ့က ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ TM6 ဖောင်နေရာတွင် ETA စနစ်ဖြင့် အစားထိုး သွားမည်ဖြစ်ပြီး ယင်းစနစ် တည်ထောင်ရေးကို နိုင်ငံခြားရေးဝန်ကြီး ဌာနက တာဝန်ယူထားပါ ကြောင်း၊ ခရီးသွားနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဘတ် ၃၀၀ နှင့် ဘတ် ၁၅၀ ခရီးသွားအခကြေးငွေ ကောက်ခံခြင်းကို စနစ်အတွင်း ပေါင်းထည့်နိုင်ရေး လေ့လာနေပါကြောင်း ခရီးသွားနှင့် အားကစားဝန်ကြီး H.E Mr. Sorawong Thien-thong က ပြောကြား ခဲ့သည်။

TM6 ဖောင်တောင်းခံခြင်းကို ကင်းလွတ်ခွင့်ပြုခဲ့ခြင်းသည် မလေးရှားလူမျိုးများ ဆုန်ခလာသို့ လာရောက်လည်ပတ် ခြင်းကို ၅၀ ရာခိုင်နှုန်းမြင့်တက်စေနိုင်မည်ဖြစ်ကြောင်း၊ ပိတ်ရက်ကာလများတွင် နေ့စဉ် မလေးရှား ခရီးသွား ၂၀,၀၀၀ ဦးမှ ၃၀,၀၀၀ ဦးကြား ဟက်ရိုင်နှင့် ဆုန်ခလာသို့ လာရောက်လည်ပတ်ခဲ့ကြောင်း၊ မလေးရှားလူမျိုးများသည် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တိုင်း ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်လေ့ရှိပြီး ပြည်နယ်အတွက် ထိပ်တန်းဈေးကွက်တစ်ခုဖြစ်ကြောင်း၊ ယခုနှစ်အတွင် မလေးရှားဧည့်သည်အရေအတွက်နှင့် ဝင်ငွေ စုစုပေါင်းသည် ၂၀၁၉ ကိန်းဂဏန်းထက်ပင် ကျော်လွန်ကြောင်း၊ သို့သော် ခရီးသွားလုပ်ငန်း အားနည်းချက်အနေဖြင့် တောင်ပိုင်းသည် လည်ပတ်စရာအသစ်မရှိခြင်းနှင့် ဧည့်သည်များကို ဆွဲဆောင်နိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အပံ့များမရှိကြောင်း ဆုန်ခလာခရီးသွားမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ Mr. Songchai Mungprasithichai က ပြောကြားခဲ့သည်။

ခရီးသွားအခကြေးငွေကောက်ခံခြင်းကို နယ်စပ်ဂိတ်များတွင် ဆောင်ရွက်ရာ၌ လွယ်ကူချောမွေ့ပြီး ထိရောက်သော နည်းလမ်းဖြစ်စေရေး ဆောင်ရွက်သင့်ကြောင်း၊ တောင်ပိုင်းစစ်ဆေးရေးဂိတ်များမှ နေ့စဉ် အနည်းဆုံး ခရီးသွား ၁၀,၀၀၀ ဦးခန့် လာရောက်လျက်ရှိကြောင်း၊ ခရီးသွားဘဏ္ဍာငွေသည် ဧည့်သည်များကို ဆွဲဆောင်နိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက် အပံ့အတွက် အကျိုးကျေးဇူးမရှိမည်ကို ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသူများက စိုးရိမ်လျက်ရှိကြောင်း၊ လက်ရှိအစိုးရနှင့် အဖွဲ့အစည်းများက ခရီးသွားများ တိုးမြှင့် ဝင်ရောက်လာရေးကိုသာ အာရုံစိုက်နေသော်လည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အပံ့များကိုမူ လျစ်လျူ ရှုထားကြောင်း Mr. Songchai က သုံးသပ်ထားသည်။

Source: www.bangkokpost.com, စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_231020241015

# ပြည်တွင်းကုန်သွယ်မှုသတင်း

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စင်တင်ဘာလအတွင်း မနေသုခ စပါးတင်းရေ ၇၃,၅၀၀ ထိ တင်ပို့ရောင်းချနိုင်

ဧရာဝတီတိုင်းဒေသကြီးအတွင်း လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလ အတွင်း မနေသုခစပါးအမျိုးအစား တင်းရေ ၇၃,၅၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မနေသုခစပါးတင်းရေ ၅၇,၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ မနေသုခစပါးတင်ရေ ၇၃,၅၀၀ ထိ တင်ပို့ရောင်းချနိုင် ခဲ့ကြောင်း သိရသည်။

“ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း မနေသုခ စပါးတင်းရေများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရတယ်။ မော်လမြိုင်ကျွန်းမြို့က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေတယ်။ မနေသုခ စပါး အမျိုးအစားက ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ မနေသုခစပါးကို ရန်ကုန်ဈေးကွက်က အခုလ

ထဲမှာလည်းဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေတယ်”ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခ စပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၁၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးထံမှ သိရသည်။ Source: ရတနာ့ပုံသတင်းစာ

## ပြည်တွင်း ပြည်ပဝယ်လိုအားကြောင့် ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများ အရောင်းအဝယ်ကောင်းနေ

သီတင်းကျွတ်ကာလအပြီး မန္တလေးဈေးကွက်အတွင်း၌ ပြည်တွင်း ပြည်ပဝယ်လိုအားကြောင့် မြန်မာထွက်ကုန် ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများ အရောင်းအဝယ်သွက်ကာ ဈေးကောင်းများရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။ မန္တလေးဈေးကွက်အတွင်း ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများ အနေဖြင့် V2၊ V7၊ 929၊ ဗမာကုလားပဲ များဟူ၍ရှိကြောင်း၊ ဈေးနှုန်းအမျိုးအစားများအနေဖြင့် V2 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၂၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေးများဖြင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင်က ပြောသည်။

“ မန္တလေးဈေးကွက်ထဲမှာ ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားတွေ အရောင်းအဝယ်သွက်နေပါတယ်။ ပြီးခဲ့တဲ့ နှစ်ထက်စာရင် တောင်သူတွေ ဈေးကောင်းလည်းရရှိနေပါတယ်။ ဒီနှစ်က ကုလားပဲအထွက်နှုန်းလည်း အသင့်အတင့် ကောင်းမွန်တယ်။ ကုလားပဲကို နှစ်စဉ်ဝယ်ယူနေတဲ့နိုင်ငံတွေကတော့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံတွေက ဝယ်ယူနေတယ်။ ကုလားပဲက မြန်မာလူမျိုးတွေရဲ့ အကြိုက်နှစ်သက်ဆုံး ပဲအမျိုးအစားဖြစ်တယ်။ စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့အပြင် အရသာမှာလည်း ကောင်းမွန်တဲ့အတွက် မြန်မာလူမျိုးတွေဟာ ကုလားပဲကိုမျိုးစုံလုပ်စားကြတယ်။ အလှူအတန်းတွေမှာလည်းမပါမဖြစ် ကြိုက်နှစ်သက်တဲ့ ပဲပါ။ ကုလားပဲကို ပြည်တွင်းစားသုံးမှုအတွက် အများဆုံးစိုက်ပျိုး တယ်။ လက်ရှိအချိန်က ကုလားပဲစိုက်ပျိုးတဲ့ ရာသီချိန်ဖြစ်တဲ့အတွက် တောင်သူတွေကြိုးစားပြီး စိုက်ပျိုးနေကြတယ်။ ဈေးကောင်းရနေတဲ့အတွက်ကြောင့် စိုက်ဧကတွေလည်း ပိုမိုများပြားလာနိုင်တယ်” ဟု ၎င်းက ပြောသည်။

မြန်မာထွက်ကုန် သီးနှံကုလားပဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကထား စိုက်ပျိုးကြကြောင်း၊ ယင်းကုလားပဲကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ ပြည်တွင်းစားသုံးရန် အများဆုံးစိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်တွင် အဆိုပါ ကုလားပဲများ ပြည်တွင်းပြည်ပ ဝယ်လိုအား ကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။ Source: မြန်မာ့အလင်းသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_21102024_1210

## မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် MSMEs ကဏ္ဍအရှိန်မြှင့်ဆောင်ရွက်

မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) တိုးတက်ရေး အရှိန်မြှင့်တင်ရန် တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံပိုင်သတင်းစာ ကြေးမုံတွင် ဖော်ပြချက်အရ သိရသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို အောက်တိုဘာ ၁၀ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့စဉ် ကော်မတီ၏ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်တွင်းထုတ်ကုန်အားပေးရေး၊ သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်ရရှိ ရေးဟူသောအချက်သုံးချက်ဖြင့် MSMEs အားပေးမြှင့်တင်ရေးအစီအစဉ်များ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြား ခဲ့ကြောင်း သတင်း၌ဖော်ပြထားသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ MSME ကဏ္ဍအကောင်အထည်ဖော်မှုတွင် နိုင်ငံ၏ ဂျီဒီပီ (GDP) ပါဝင်မှုနှုန်းမှာ ၃၀ ရာခိုင်နှုန်းသာ ခန့်မှန်းပါဝင်လျက်ရှိနေသေးသဖြင့် GDP ပါဝင်မှုအချိုး တိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမို ရရှိစေရန် ကြိုးပမ်းဖော်ဆောင်ရမည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သတင်းအရ သိရသည်။

လက်ရှိအချိန်အထိ မြန်မာနိုင်ငံတစ်ဝန်း MSME ကဏ္ဍကို အားဖြည့်ပေးနေသည့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ ၁၀၂ ခု၊ စက်မှုဇုန်၊ စက်မှုရပ်ကွက် ၃၃ ခု၊ အထူးစီးပွားရေးဇုန် ၃ ခု၊ ရေနက်ဆိပ်ကမ်း ၂ ခု လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေပြည်တော်တွင် ပြုလုပ်သော အဆိုပါ MSME ကော်မတီ အစည်းအဝေးတွင် ဒေသတစ်ခု၊ ထုတ်ကုန် တစ်မျိုး (OROP) စီမံကိန်းလုပ်ငန်းနှင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်း၌ ဖော်ပြထားသည်။ Source: https://xinhuamyanmar.com/mm-en/ne-24101204/

## ပြည်ပကုန်သွယ်မှုသတင်း

### MSME ပြည်တွင်းထုတ်ကုန်များ ပြည်ပဈေးကွက်သို့ တိုးချဲ့နိုင်ရန် နိုင်ငံတကာပြပွဲများတွင် လိုက်လံပြသလျက်ရှိ

ပြည်တွင်းထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ တိုးချဲ့တင်ပို့နိုင်ရန်အတွက် နိုင်ငံတကာကုန်စည်ပြပွဲများတွင် လိုက်လံပြသရောင်းချလျက်ရှိကြောင်း MSME လုပ်ငန်းရှင်များ၏ ပြောပြချက်အရ သိရသည်။

ထို့ပြင် အစိုးရအနေဖြင့်လည်း MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် ပံ့ပိုးကူညီလျက်ရှိပြီး ပြည်တွင်းရှိ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ ထုတ်ကုန်များကို ပြည်ပဈေးကွက်ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဟိုတစ်ခါ နန်နင်းပြည်နယ်မှာလုပ်တဲ့ ကုန်စည်ပြပွဲမှာဆိုရင် ပြည်တွင်းက ဝါးနဲ့ထုတ်တဲ့ထုတ်ကုန်တွေကို သဘောကျကြတယ်။ ပစ္စည်းပါသလောက် ကုန်အောင်ရောင်းခဲ့ရတယ်။ နောက်ထပ်လည်းလိုချင်လို့ အော်ဒါမှာယူတာတွေရှိတယ်။ ပြည်တွင်းထုတ်ကုန်တွေကို ပြည်ပဈေးကွက်ပိုရရှိဖို့ နိုင်ငံတကာ ကုန်စည်ပြပွဲတွေမှာ ပြသရောင်းချပါတယ်" ဟု MSME လုပ်ငန်းရှင်တစ်ဦးက ပေါ်ပြူလာနယူးစ်သို့ ပြောသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ Times City Jewellery Mall တွင် ကျင်းပပြုလုပ်ခဲ့သည့် 2024 Myanmar Real Estate ပြပွဲကြီး နှင့် သီတင်းကျွတ် ဈေးရောင်းပွဲတော်ကြီးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများလုပ်ကိုင်သည့် လုပ်ငန်းရှင်များ အနေဖြင့် ပုဂ္ဂလိကဘဏ်များတွင် ချေးငွေများစတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာထားသည်။

MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်တွင်လည်း ချေးငွေများလျှောက်ထားနိုင်ပြီဖြစ်ကြောင်း ကြေညာချက်အရ သိရသည်။ Source: https://www.popularmyanmar.com/?p=178773

### မြန်မာနိုင်ငံတွင် ယခုဘဏ္ဍာနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၃၀ ခွင့်ပြု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က လက်ရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမနှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၂၂၃ သန်း တန်ဖိုးရှိသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၃၀ ခု ခွင့်ပြုခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီမံကိန်းများအနက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍမှ အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၇ သန်း၊ စက်မှုကုန်ချောကဏ္ဍမှ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၂၅ သန်း နှင့် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ ၄၄ သန်း အသီးသီးရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ၏ ထုတ်ပြန်ချက်အားကိုးကား၍ သတင်း၌ဖော်ပြထားသည်။

ထို့ပြင် ယင်းကာလအတွင်း စွမ်းအင်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်း ရှိခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍ၌မူ ဒေါ်လာ ၁ သန်းအောက် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခဲ့ကြောင်း သိရသည်။

လက်ရှိဘဏ္ဍာနှစ် ပထမနှစ်ဝက်အတွင်း မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သော ရင်းနှီးမြှုပ်နှံမှု၌ စင်ကာပူနိုင်ငံက ဒေါ်လာ ၈၇ ဒသမ ၇၄ သန်းဖြင့် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိကာ ယင်းနောက်တွင် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ အသီးသီးရှိကြောင်း သိရသည်။ Source: https://xinhuamyanmar.com/mm-en/ne-24101202/

### Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ကော်ဖီများ ဘယ်လ်ဂျီယံနိုင်ငံသို့တင်ပို့

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်း ထားသည့် Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ယခုနှစ် အောက်တိုဘာလအတွင်း ပြည်ပပို့ကုန်အဖြစ် ကော်ဖီ Green Bean တစ်အိတ်လျှင် ကီလို ၆၀ ဖြင့် ကော်ဖီတန်ချိန် ၆၈ ဒသမ ၁၆ တန်ကို ဘယ်လ်ဂျီယံနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယနေ့အချိန်ထိ ကော်ဖီတန်ချိန်ပေါင်း ၁၀၂ ဒသမ ၂၄ တန်အထိ ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Source: မြန်မာ့အလင်းသတင်းစာ, Source: https://myantrade.gov.mm/article/naypyitaw_23102024_225

## အထူးဆောင်းပါးများ

### တရုတ်နိုင်ငံ၌ မက္ကဒေးမီးယားအတွက် ဈေးကွက်အလားအလာကောင်းများရှိနေ

World Macadamia Organisation (WMO)၏ မကြာသေးမီက ခန့်မှန်းချက်အရ ကမ္ဘာ့အခွံပါမက္ကဒေးမီးယား ထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၄၀၀,၀၀၀ ခန့်သို့ ရောက်ရှိနိုင်မည်ဟုသိရပြီး ၂၀၂၉ ခုနှစ်တွင် မက်ထရစ်တန် ၅၆၀,၀၀၀ နှင့် ၂၀၃၀ ပြည့်နှစ်တွင် မက်ထရစ်တန် ၆၀၀,၀၀၀ နီးပါးအထိ ရှိလာမည်ဖြစ်ကြောင်း၊

ကမ္ဘာ့မက္ကဒေးမီးယားလုပ်ငန်းသည် နှစ်အလိုက်တိုးတက်မှုနှုန်း ၁၀ ဒသမ ၂ ရာခိုင်နှုန်းဖြင့် လျင်မြန်စွာတိုးတက်နေသည့် အနေအထားကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် kernel ဖြင့် တိုင်းတာသော ကမ္ဘာလုံးဆိုင်ရာ မက္ကဒေးမီးယားအစေ့ လိုအပ်ချက်သည် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် ၆၄,၀၀၀ ဖြစ်ပြီး ၂၀၂၇ ခုနှစ်တွင် မက်ထရစ်တန် ၁၃၇,၀၀၀ အထိ မြင့်တက်မည်ဟုခန့်မှန်းထားပြီး ၅ နှစ်တာကာလအတွင်း နှစ်ဆကျော် တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့မက္ကဒေးမီးယား ရောင်းလိုအားနှင့် ဝယ်လိုအား လျင်မြန်စွာမြင့်တက်လာမှုတွင် တရုတ်နိုင်ငံသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ရောင်းလိုအားဘက်တွင် မကြာသေးမီက International Nut & Dried Fruit Council (INC) ကွန်ဂရက်များတွင် တရုတ်ကိုယ်စားလှယ်များက မျှဝေထားသော ကိန်းဂဏန်း များအရ တရုတ်နိုင်ငံ၏ မက္ကဒေးမီးယား ထုတ်လုပ်မှုသည် ၂၀၂၉ ခုနှစ်တွင် ခန့်မှန်းခြေအားဖြင့် မက်ထရစ်တန် ၁၁၈,၅၀၀ အထိ တိုးလာမည်ဟု ဖော်ပြထားကြောင်း သိရသည်။

ဝယ်လိုအားဘက်တွင် တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်၌ မြောက်အမေရိကကို ကျော်တက်ကာ ကမ္ဘာ့အကြီးဆုံး မက္ကဒေးမီးယား စားသုံးသူဈေးကွက်ဖြစ်လာပြီး လာမည့် ၅ နှစ်အတွင်း တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် မျှော်လင့်ကြောင်း၊ မက္ကဒေးမီးယားလုပ်ငန်းစု၏ ခန့်မှန်းချက်များအရ တရုတ်၏ kernel ဖြင့်တိုင်းတာသော မက္ကဒေးမီးယား အစေ့ဝယ်လိုအားသည် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် ၁၇,၅၀၀ မှ ၂၀၂၃ ခုနှစ် တွင် မက်ထရစ်တန် ၂၉,၅၀၀ အထိ ၇၀ ရာခိုင်နှုန်းခန့် သိသိသာသာမြင့်တက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်အတွက် ကနဦး ခန့်မှန်းထားခဲ့သည့် မက်ထရစ်တန် ၂၀,၃၀၀ ထက် ကျော်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံ၏ မက္ကဒေးမီးယားအစေ့လိုအပ်ချက်သည် ၂၀၂၇ ခုနှစ်တွင် မက်ထရစ်တန် ၄၆,၅၀၀ အထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားကြောင်း၊ အဓိကအားဖြင့် အခွံပါမက္ကဒေးမီးယားကို သရေစာအဖြစ် စားသုံးမှု၊ မက္ကဒေးမီးယားအစေ့ သရေစာမုန့်များနှင့် အစားအစာပြုပြင်ထုတ်လုပ်ရာတွင် ပါဝင်ပစ္စည်းအဖြစ်အသုံးပြုခြင်းတို့က ဈေးကွက်ဝယ်လိုအားကို တိုးတက်လာစေမည်ဟု ခန့်မှန်းထားကြောင်း၊ ၎င်းတို့၏ ဝယ်လိုအားများသည် မက်ထရစ်တန် ၁၃,၀၀၀ မှ ၂၈,၀၀၀၊ မက်ထရစ်တန် ၁,၀၀၀ မှ ၈,၀၀၀ နှင့် မက်ထရစ်တန် ၂,၀၀၀ မှ ၈,၀၀၀ တို့သို့ အသီးသီး မြင့်တက်လာမည်ဟု ခန့်မှန်းထား ကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ မက္ကဒေးမီးယားအစေ့ စားသုံးမှု လျင်မြန်စွာ ကြီးထွားလာမှု၏ နောက်ကွယ်တွင် ဈေးနှုန်း၊ ဆန်းသစ်သော သရေစာများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ဖြန့်ဖြူးရောင်းချသည့်နေရာ ပိုမိုများပြားလာမှုနှင့် သေးငယ်သည့် ထုပ်ပိုးမှုပုံစံတို့သည် အဓိကမောင်းနှင်အားများဖြစ်သည်ဟု WMO မှ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

2024 China International Tree Nuts Conference တွင် Foshan Liushe Food Co. Ltd. (佛山市六社食品有限公司)မှ တင်ပြသည့် အချက်အလက်များအရ တရုတ်နိုင်ငံ၏ မက္ကဒေးမီးယား စိုက်ပျိုးဧရိယာသည် ၂၀၂၄ ခုနှစ်တွင် ဟက်တာ ၃၄၅,၀၀၀ အထိရှိပြီး ယူနန်ပြည်နယ်တွင် ဟက်တာ ၂၈၀,၀၀၀ ရှိ၍ အခြား မက္ကဒေးမီးယားအဓိက စိုက်ပျိုးသည့်ဒေသများမှာ ကွမ်ရှီးဒေသနှင့် ကွမ်တုန်းပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်၊ မေလတွင် ထုတ်ပြန်ခဲ့သော International Nut and Dried Fruit Council မှ အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အခွံပါ မက္ကဒေးမီးယားထုတ်လုပ်မှု အစိုဓာတ် ၃ ဒသမ ၅ ရာခိုင်နှုန်းသည် မက်ထရစ်တန် ၆၇,၉၀၀ အထိရှိကြောင်း သိရသည်။

ကွမ်တုန်းပြည်နယ်ရှိ အခွံမာသီးလုပ်ငန်းရှင်များအသင်း၏အချက်အလက်များအရ တရုတ်နိုင်ငံ၏အခွံပါမက္ကဒေးမီးယား တင်သွင်းမှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် စုစုပေါင်း မက်ထရစ်တန် ၈၄,၀၀၀ ရှိကြောင်း၊ တရုတ်၏ အခွံပါမက္ကဒေးမီးယား စားသုံးမှုသည် ၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန် ၁၅၀,၀၀၀ ရှိမည်ဟု ခန့်မှန်း ထားရာ တင်သွင်းမှုသည် မက်ထရစ်တန် ၇၀,၀၀၀ နှင့် ပြည်တွင်းထုတ်လုပ်မှုသည် မက်ထရစ်တန် ၈၀,၀၀၀ ရှိ မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် တရုတ်ဈေးကွက်၌ မက္ကဒေးမီးယား အစေ့သည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးပိုမြင့်ကြောင်း၊ ဥပမာအားဖြင့် မက္ကဒေးမီးယားအဓိကထွက်ရှိရာဒေသများရှိ ခြံများ၌ ဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် ၉ ဒသမ ၅ ယွမ် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၃)အထိ မြင့်တက်လာဖွယ်ရှိပြီး ၂၀၂၃ ခုနှစ်က ထက် ၁၉ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။

လက်ရှိအချိန်တွင် သရေစာအဖြစ်စားသုံးသည့် အစေ့အဆံများသည် တရုတ်နိုင်ငံ၏ အဆာပြေမုန့် စားသုံးမှု၏ ၂၀ ရာခိုင်နှုန်းခန့်ရှိပြီး အစေ့အဆန်များ၏ဝေစုသည် တဖြည်းဖြည်း တိုးတက်လာလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် လူတစ်ဦးလျှင် အခွံမာသီး ပျမ်းမျှနေ့စဉ်စားသုံးမှုမှာ ၁၀ ဂရမ်ဝန်းကျင်ဖြစ်ပြီး၊ ၎င်းသည် အစိုးရ၏ အကြံပြုထားသောအဆင့်ထက် ကျော်လွန် လျက်ရှိကြောင်းနှင့် တရုတ်နိုင်ငံတွင် အစေ့အဆံများကို အဆာပြေ စားသုံးမှုသည် အစောပိုင်းအဆင့်တွင်သာ ရှိနေသေးကြောင်း သိရသည်။

တရုတ်နိုင်ငံရှိ မက္ကဒေးမီးယားထုတ်ကုန်များကို အမျိုးအစားများစွာ ခွဲခြားနိုင်ပြီး သမာရိုးကျ အခွံပါမက္ကဒေးမီးယား ထုတ်ကုန်များသည် ဈေးကွက်၏ ၅၀ ရာခိုင်နှုန်းရှိ၍ မက္ကဒေးမီးယားအစေ့သည် ၄၅ ရာခိုင်နှုန်းနှင့် မုန့်နှင့် ရေခဲမုန့်များတွင် အသုံးပြုသော အမှုန့်များကဲ့သို့သော အခြားသုံးစွဲမှုများသည် ၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

WMO ၏ ဈေးကွက်သုတေသနပြုချက်အရ မကြာသေးမီနှစ်များအတွင်း မက္ကဒေးမီးယားအစေ့များသည် ၎င်းတို့၏ နူးညံ့သောအသွင်အပြင်နှင့် ကြွယ်ဝသောခရင်မ်အရသာတို့ကြောင့် ထိပ်တန်းစားသောက်ကုန် ကုမ္ပဏီများအတွက် အဓိက ပါဝင်ပစ္စည်းများဖြစ်လာခဲ့ကြောင်း၊ မက္ကဒေးမီးယားအစေ့များသည် အာဟာရဓာတ်ပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် လိုအပ်သောအရည်အသွေးမြင့် အဆီများကိုပေးစွမ်းနိုင်ပြီး glycemic index နည်းပါးကြောင်း၊ သို့သော်လည်း စားသုံးသူအများအပြားသည် မက္ကဒေးမီးယားအစေ့၏ အာဟာရဆိုင်ရာတန်ဖိုးများကို သတိမပြုမိကြသဖြင့် စားသုံးသူများ၏သဘောထားအမြင်များကို ပြောင်းလဲရန်လိုအပ်ပြီး အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ကြောင်းသိရသည်။

တရုတ်နိုင်ငံရှိ Want Want Group မှ မက္ကဒေးမီးယားနို့ကို မိတ်ဆက်ခဲ့ပြီး Chacha Food သည် မက္ကဒေးမီးယား အမှုန့်ကို ထုတ်လုပ်ခဲ့ကြောင်း၊ ထို့ပြင် မက္ကဒေးမီးယားအစေ့များပါရှိသည့် တီထွင်ဆန်းသစ်သော အခြားသရေစာများလည်း ဈေးကွက်တွင် ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံ၌ အခွံပါမက္ကဒေးမီးယားသည် စားသုံးမှုကို လွှမ်းမိုးထားသော်လည်း မက္ကဒေးမီးယားအစေ့ ဖြင့်ပြုလုပ်ထားသည့် သရေစာမုန့်အမျိုးမျိုးကို ဆန်းသစ်တီထွင်မှုသည် စားသုံးမှုပုံစံများကို စဉ်ဆက်မပြတ် ပြောင်းလဲစေသော ကြောင့် မက္ကဒေးမီးယားရောင်းချမှုကို မြင့်တက်လာစေကြောင်း သိရသည်။

Source: https://www.producereport.com/article/bright-prospects-macadamia-nuts-china

(စီးပွားရေးသံမှူး၊ နန်နင်းမြို့), Source: https://myantrade.gov.mm/article/Naypyitawstp-281020240235

## ရူပီးကို နိုင်ငံတကာမှ လက်ခံအသုံးပြုလာအောင်ဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို များစွာအကျိုးပြု

ရူပီးကို နိုင်ငံတကာမှလက်ခံအသုံးပြုလာအောင်ဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကိုများစွာအကျိုးပြုစေကြောင်း၊ အထူးသဖြင့် Goa ပြည်နယ်၏ ကုန်သွယ်မှုနှင့် စက်မှုလက်မှုအခင်းအကျင်းကို အထောက်အကူပြုလျက်ရှိကြောင်း The Times of India က အောက်တိုဘာလ ၂၈ ရက်က ဖော်ပြသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းသုံးငွေ ရူပီးကို အပြည်ပြည်ဆိုင်ရာ အပေးအယူကိစ္စရပ်များ၌ ဖလှယ်ရေးကိရိယာ အဖြစ်လည်းကောင်း၊ တန်ဖိုးကိုသိုလှောင်ပေးခြင်းနှင့် ငွေစာရင်းယူနစ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာအောင် ဆောင်ရွက်လျက်ရှိပြီး၊ အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုလျှော့ချရန်၊ ကမ္ဘာ့စီးပွားရေးအပေါ် လွှမ်းမိုးနိုင်မှုမြှင့်တင်ရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်၊ ဘဏ္ဍာရေးတည်ငြိမ်မှု ပိုမိုကောင်းမွန်ရန်နှင့် စရိတ်စကများလျှော့ချနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ အရန်ငွေကြေးတွင် ရူပီး၏ပါဝင်မှု အချိုးအစား မြင့်တက်လာကာ အစိုးရအတွက်လည်း အကျိုးအမြတ်ရှိစေကြောင်း သိရသည်။

ရူပီးငွေကို အပြည်ပြည်ဆိုင်ရာသုံးငွေကြေးအဖြစ်သုံးစွဲခြင်းဖြင့် အခြားတိုင်းပြည်များနှင့် အပေးအယူ ကိစ္စရပ်များ ဆောင်ရွက်ရာ၌ ၎င်းငွေအား တိုက်ရိုက်အသုံးပြုနိုင်သည်။ ထို့ကြောင့် ငွေကြေးတစ်မျိုးမှ တစ်မျိုးသို့ ပြောင်းလဲရာတွင် ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်နှင့် ထိခိုက်နစ်နာနိုင်ခြေကို လျှော့နည်းစေကြောင်း သိရသည်။

Goa ပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်ရေး၌ အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ပြီး၊ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့်ရရှိကြောင်း သိရသည်။ ပြည်နယ်၏ အဓိက ပို့ကုန်များမှာ ဆေးဝါး၊ အင်ဂျင်နီယာထုတ်ကုန်များ၊ ဓာတုဗေဒထုတ်ကုန်များ၊ အီလက်ထရောနစ်၊ ပင်လယ်ထွက်ကုန်၊ သံရိုင်းနှင့် အခြားထွက်ကုန် ပစ္စည်းများဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၄ ခုနှစ် ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ စုစုပေါင်းပို့ကုန်မှာ ကန်ဒေါ်လာ ၇၇၈ ဘီလီယံရှိကြောင်း ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သတင်းအချက်အလက်နှင့် စာရင်းအင်းညွှန်ကြားမှုဌာန (Directorate general of commercial intelligence and statistics-DGCI&S) အရ သိရသည်။ Goa ပြည်နယ်သည် ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ထိုင်း၊ မလေးရှားနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အဓိက ကုန်သွယ်လျက်ရှိပြီး၊ ရူပီးငွေအသုံးပြုပေးချေမှုမှ တစ်ဆင့် အကျိုးအမြတ်ရရှိစေကြောင်း သိရသည်။ ဝေးလံသော အရှေ့အလယ်ပိုင်းနိုင်ငံများနှင့်လည်း ရူပီး-ဒါဟမ် (rupee-dirham)၊ ရူပီး-ရီယယ် (rupee-riyal) ပေးချေမှုများဖြင့် မကြာမီဆောင်ရွက်လာနိုင်တော့မည်ဖြစ်သဖြင့် ပိုမိုလွယ်ကူမြန်ဆန်သော တိုက်ရိုက်ကုန်သွယ်မှုများ ပြုလုပ်လာနိုင်မည်ဟု သိရသည်။

ယင်းသို့ဆောင်ရွက်နိုင်ခြင်းကြောင့် Goa ပြည်နယ်၏ ကုန်စည်ပို့ဆောင်ရေးကဏ္ဍကိုလည်း သိသိသာသာ အကျိုးအမြတ်ရရှိစေသည်ဟုဆိုသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ ရေးအကျဆုံးနှင့်အရေးအကြီးဆုံး ဆိပ်ကမ်းများ

အနက်တစ်ခုဖြစ်သော Goa ပြည်နယ် Mormugao ဆိပ်ကမ်းသည် ကုန်တင်ကုန်ချပမာဏ တန်ချိန် ၂၀ ဒသမ ၆ သန်းကို ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်းနှင့် အဓိကကုန်စည်မှာ သံသတ္တုရိုင်းဖြစ်ကြောင်းသိရသည်။ ရူပီးကို နိုင်ငံတကာသုံး ငွေကြေးအဖြစ်ဆောင်ရွက်ခြင်းကြောင့် နိုင်ငံခြားသင်္ဘောကုမ္ပဏီများအနေဖြင့် ပေးချေမှုများကို ရူပီးအသုံးပြုပေးချေနိုင်ကြသည့်အတွက် အဆိုပါ ဆိပ်ကမ်းအား ပိုမိုဆွဲဆောင်မှုရှိစေကာ စရိတ်စကလည်း ပိုမိုသက်သာစေကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံခြားငွေဈေး အတက်အကျနှင့် ရင်ဆိုင်နေရသည့် ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ စရိတ်များကို တည်ငြိမ်စေကြောင်း သိရသည်။ Mormugao ဆိပ်ကမ်းရှိ နိုင်ငံခြားသင်္ဘောကုမ္ပဏီများအနေဖြင့် ရူပီးငွေ အသုံးပြု၍ ပေးချေမှုများ ဆောင်ရွက်နိုင်ကြသည့်အတွက် အပေးအယူကိစ္စရပ်များကို ချောမွေ့လွယ်ကူစေပြီး၊ Goa ကို တောင်အာရှနှင့် အရှေ့တောင်အာရှ ကုန်သွယ်မှုဗဟိုချက်အဖြစ် မြှင့်တင်ပေးလျက်ရှိကြောင်း သိရသည်။

Goa ပြည်နယ်ရှိ သင်္ဘောတည်ဆောက်ရေးကဏ္ဍသည်လည်း သွင်းကုန်စရိတ်များလျှော့ချနိုင်သည့်အတွက် သိသာထင်ရှားသောတိုးတက်မှုများရှိလာသည်ဟုဆိုသည်။ ဈေးအတက်အကျရှိသော နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချလာနိုင်သည့်အတွက် ကုန်ကြမ်းဝယ်ယူသည့်စရိတ်များလည်းလျှော့ကျလာကြောင်း၊ Goa သင်္ဘောကျင်းများအနေဖြင့် ပေးချေမှုများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ကြသည့်အတွက် အရောင်းအဝယ်စာချုပ်များတွင် ရူပီးငွေဖြင့်ဖော်ပြပြီး လုပ်ကိုင်ကြကြောင်း သိရသည်။

ရူပီးကို အပြည်ပြည်ဆိုင်ရာငွေကြေးအဖြစ် ဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရှိ ရောင်းလိုအား ကွင်းဆက်ကို စွမ်းဆောင်ရည်ပိုမိုကောင်းမွန်စေခြင်း၊ အချိန်ကာလသတ်မှတ်ချက်အတိုင်း ထုတ်လုပ်နိုင်ခြင်း၊ အခြေခံအဆောက်အအုံကဏ္ဍ၊ ခရီးသွားလုပ်ငန်းနှင့် ထောက်ပံ့ပိုဆောင်ရေးကဏ္ဍ စသည့်တို့၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဆွဲဆောင်နိုင်လာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။ အဆိုပါ အခွင့်အလမ်းများကို ဆုပ်ကိုင်နိုင်ရန် အကောက်ခွန်ဆိုင်ရာ အခြေခံအဆောက်အုံများ ခေတ်မီစေရန်၊ ဆိပ်ကမ်းနှင့် လေဆိပ်အထောက် အကူများ၊ ကုန်းလမ်းနှင့် မီးရထားလမ်းကွန်ရက်များ တိုးတက်ကောင်းမွန်စေရန် Goa ပြည်နယ်အစိုးရနှင့် ကုန်သည်လုပ်ငန်းရှင် အသိုင်းအဝိုင်းမှ အတူတကွ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံသည် ရူပီးကိုအပြည်ပြည်ဆိုင်ရာ ငွေကြေးအဖြစ်ဆောင်ရွက်ခြင်းအားဖြင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းစက်မှုလက်မှုကဏ္ဍများကို အကျိုးအမြတ်များရရှိစေကြောင်း သိရသည်။ မြန်မာနိုင်ငံနှင့်လည်း ရူပီး-ကျပ် ပေးချေမှုစနစ်စတင်အသက်ဝင် ဆောင်ရွက်လျက်ရှိပြီး၊ ၎င်းမှတစ်ဆင့် နှစ်နိုင်ငံ အပေးအယူကိစ္စရပ်များ လွယ်ကူစွာ ဆောင်ရွက်နိုင်ကာ အမေရိကန်ဒေါ်လာကဲ့သို့ နိုင်ငံခြားငွေများအပေါ် မှီခိုမှုပိုမို လျှော့ချလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရည်ညွှန်း။ The Times of India, Internationalisation of rupee a game changer for Goa's trade, Oct 28, 2024

စီးပွားရေးသံမှူး၊ ကော်ကတ္တားမြို့, Source: https://myantrade.gov.mm/article/Naypyitawstp-281020240330

# ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၄၊ အောက်တိုဘာလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၅.၁၁.၂၀၂၄) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စပေါင်း | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | - | 120000-125000 |
| မြောင်းမြ | 85000-87000 | 120000-125000 |
| ဒေးဒရဲ | 85000-87000 | 110000-120000 |
| ဝါးခယ်မ | 85000-87000 | 110000-120000 |
| ဘိုကလေး | 85000-87000 | 110000-120000 |
| မော်လမြိုင်ကျွန်း | 85000-87000 | 120000-125000 |
| လပွတ္တာ | - | 120000-125000 |
| ကျိုက်လတ် | 85000-87000 | 110000-120000 |
| ဘုရင့်နောင် | 85000-87000 | 145000-150000 (ရွှေဘိုပေါ်ဆန်း) |

Source: MRF

### ၂၀၂၄၊ အောက်တိုဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 7.10.2024 | 1950-2100 | 1900-2050 | 1850-2000 | 1800-1950 | 1750-1900 |
| 2 | 14.10.2024 | 1900-2050 | 1850-2000 | 1800-1950 | 1750-1900 | 1700-1850 |
| 3 | 21.10.2024 | 1900-2050 | 1850-2000 | 1800-1950 | 1750-1900 | 1700-1850 |
| 4 | 28.10.2024 | 1800-1950 | 1750-1900 | 1700-1850 | 1650-1800 | 1600-1750 |

Source: MRPPA

## ၂၀၂၄၊ အောက်တိုဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွံနီ(ရှယ်) | | | ဧည့်မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 2 | 2.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 3 | 3.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 4 | 4.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 5 | 7.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 6 | 8.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 7 | 9.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 8 | 10.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 9 | 11.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 10 | 14.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 11 | 15.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 12 | 21.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 13 | 22.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 14 | 23.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 15 | 24.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 16 | 25.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 17 | 28.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 18 | 29.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 19 | 30.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 20 | 31.10.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |

**Source: Myanmar Rice**

## ၂၀၂၄၊ အောက်တိုဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.10.2024 | - | - | - | - | - | - |
| 2 | 2.10.2024 | 2100.0 | 64.210 | 299.21 | 1630.1 | 25.008 | 1457.1 |
| 3 | 3.10.2024 | 2100.0 | 63.559 | 299.21 | 1621.8 | 25.013 | 1432.7 |
| 4 | 4.10.2024 | 2100.0 | 63.559 | 299.21 | 1618.6 | 25.008 | 1433.9 |
| 5 | 7.10.2024 | 2100.0 | 62.837 | 299.21 | 1611.5 | 25.007 | 1416.9 |
| 6 | 8.10.2024 | 2100.0 | 62.677 | 297.91 | 1612.6 | 25.011 | 1422.8 |
| 7 | 9.10.2024 | 2100.0 | 62.762 | 297.07 | 1610.1 | 25.014 | 1412.8 |
| 8 | 10.10.2024 | 2100.0 | 62.519 | 296.66 | 1605.0 | 25.010 | 1408.2 |
| 9 | 11.10.2024 | 2100.0 | 63.073 | 297.14 | 1608.9 | 24.981 | 1411.7 |
| 10 | 14.10.2024 | 2100.0 | 63.263 | 296.62 | 1607.4 | 24.98 | 1405.8 |
| 11 | 15.10.2024 | 2100.0 | 62.959 | 295.17 | 1604.8 | 24.982 | 1407.6 |
| 12 | 21.10.2024 | 2100.0 | 62.874 | 295.30 | 1599.9 | 24.979 | 1400.6 |
| 13 | 22.10.2024 | 2100.0 | 62.696 | 294.92 | 1596.7 | 24.978 | 1391.9 |
| 14 | 23.10.2024 | 2100.0 | 62.287 | 294.63 | 1591.5 | 24.975 | 1377.2 |
| 15 | 24.10.2024 | 2100.0 | 62.195 | 295.07 | 1589.9 | 24.977 | 1380.9 |
| 16 | 25.10.2024 | 2100.0 | 62.158 | 294.79 | 1590.8 | 24.978 | 1381.2 |
| 17 | 28.10.2024 | 2100.0 | 62.167 | 294.56 | 1586.5 | 24.979 | 1368.3 |
| 18 | 29.10.2024 | 2100.0 | 62.167 | 294.18 | 1586.0 | 24.978 | 1368.9 |
| 19 | 30.10.2024 | 2100.0 | 62.185 | 294.53 | 1585.9 | 24.976 | 1369.5 |
| 20 | 31.10.2024 | 2100.0 | 62.287 | 295.07 | 1589.3 | 24.972 | 1379.8 |

Source: Central Bank of Myanmar

## ၂၀၂၄၊ အောက်တိုဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2024 | | (ထိပ်စ) | | |
| 1 | 1.10.2024 | 3906000 | 4600000 | - | 3110900 | 3153800 | 3867200 |
| 2 | 2.10.2024 | 3869000 | 1550000 | - | 3110900 | 3153800 | 3867200 |
| 3 | 3.10.2024 | 3840000 | 4500000 | - | 3110900 | 3153800 | 3867200 |
| 4 | 4.10.2024 | 3810000 | 4450000 | - | 3110900 | 3153800 | 3867200 |
| 5 | 7.10.2024 | 3832000 | 4375000 | - | 3110900 | 3153800 | 3867200 |
| 6 | 8.10.2024 | 3840000 | 4325000 | - | 3110900 | 3208900 | 3974400 |
| 7 | 9.10.2024 | 3850000 | 4250000 | - | 3110900 | 3208900 | 3974400 |
| 8 | 10.10.2024 | 3840000 | 4100000 | - | 3110900 | 3208900 | 3974400 |
| 9 | 11.10.2024 | 3800000 | 4075000 | - | 3110900 | 3208900 | 3974400 |
| 10 | 14.10.2024 | 3720000 | 3900000 | - | 3110900 | 3208900 | 3974400 |
| 11 | 15.10.2024 | 3720000 | 3875000 | - | 3110900 | 3208900 | 3974400 |
| 12 | 21.10.2024 | 3750000 | 4125000 | - | 3110900 | 3208900 | 3974400 |
| 13 | 22.10.2024 | 3800000 | 4262000 | - | 3163000 | 3101800 | 3974400 |
| 14 | 23.10.2024 | 3820000 | 4275000 | - | 3163000 | 3101800 | 3974400 |
| 15 | 24.10.2024 | 3835000 | 7312000 | - | 3163000 | 3101800 | 3974400 |
| 16 | 25.10.2024 | 3796000 | 4212000 | - | 3163000 | 3101800 | 3974400 |
| 17 | 28.10.2024 | 3757000 | 4212000 | - | 3163000 | 3101800 | 3974400 |
| 18 | 29.10.2024 | 3755000 | 4200000 | - | 3163000 | 3101800 | 3760000 |
| 19 | 30.10.2024 | 3730000 | 4162000 | - | 3163000 | 3101800 | 3760000 |
| 20 | 31.10.2024 | 3699000 | 4075000 | - | 3163000 | 3101800 | 3760000 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ အောက်တိုဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.10.2024 | 3248700-3469200 | 3908900-2960900 | 3674300-3879500 | 3876400-4084600 | 1016600-1028800 |
| 2 | 2.10.2024 | 3248700-3469200 | 3908900-2960900 | 3674300-3879500 | 3876400-4084600 | 1016600-1028800 |
| 3 | 3.10.2024 | 3248700-3469200 | 3908900-2960900 | 3674300-3879500 | 3876400-4084600 | 1016600-1028800 |
| 4 | 4.10.2024 | 3248700-3469200 | 3908900-2960900 | 3674300-3879500 | 4081600-4185700 | 1016600-1028800 |
| 5 | 7.10.2024 | 3248700-3469200 | 3908900-2960900 | 3674300-3879500 | 4081600-4185700 | 1016600-1028800 |
| 6 | 8.10.2024 | 3248700-3469200 | 2856800-2960900 | 3674300-3879500 | 4081600-4185700 | 918600-930800 |
| 7 | 9.10.2024 | 3248700-3469200 | 2856800-2960900 | 3674300-3778400 | 4081600-4185700 | 918600-930800 |
| 8 | 10.10.2024 | 3248700-3469200 | 2856800-2960900 | 3674300-3778400 | 4081600-4185700 | 918600-930800 |
| 9 | 11.10.2024 | 3248700-3469200 | 2856800-2960900 | 3674300-3778400 | 4081600-4185700 | 918600-930800 |
| 10 | 14.10.2024 | 3248700-3469200 | 2856800-2960900 | 3622300-3726400 | 4081600-4185700 | 918600-930800 |
| 11 | 15.10.2024 | 3248700-3469200 | 2856800-2960900 | 3622300-3726400 | 4081600-4185700 | 918600-930800 |
| 12 | 21.10.2024 | 3248700-3469200 | 2856800-2960900 | 3622300-3726400 | 4081600-4185700 | 918600-930800 |
| 13 | 22.10.2024 | 3248700-3469200 | 2856800-2960900 | 3570200-3674300 | 4081600-4185700 | 906300-918600 |
| 14 | 23.10.2024 | 3248700-3469200 | 2856800-2960900 | 3570200-3674300 | 4081600-4185700 | 906300-918600 |
| 15 | 24.10.2024 | 3248700-3469200 | 2856800-2960900 | 3570200-3674300 | 4081600-4185700 | 906300-918600 |
| 16 | 25.10.2024 | 3248700-3469200 | 2856800-2960900 | 3570200-3674300 | 4182600-4286700 | 906300-918600 |
| 17 | 28.10.2024 | 3248700-3469200 | 2856800-2960900 | 3469200-3573300 | 4286700-4390800 | 906300-918600 |
| 18 | 29.10.2024 | 3248700-3469200 | 2856800-2960900 | 3469200-3573300 | 4286700-4390800 | 903800-943100 |
| 19 | 30.10.2024 | 3248700-3469200 | 2856800-2960900 | 3469200-3573300 | 4286700-4390800 | 903800-943100 |
| 20 | 31.10.2024 | 3248700-3469200 | 2856800-2960900 | 3469200-3573300 | 4286700-4390800 | 903800-943100 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.10.2024 to 4.10.2024 | 7.10.2024 to 11.10 .2024 | 14.10.2024 to 15.10.2024 | 21.10 .2024 to 25.10.2024 | 28.10 .2024 to 31.10.2024 |
|---|---|---|---|---|---|---|
| မတ်ပဲ (2023-24 Crop) | FAQ | 920-930 | 925-935 | 930-940 | 930-940 | 930-940 |
| | SQ | 1010-1020 | 1020-1030 | 1025-1035 | 1025-1035 | 1025-1035 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1020-1040 | 1025-1045 | 1030-1050 | 1030-1050 | 1030-1050 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1120-1140 | 1125-1145 | 1130-1150 | 1130-1150 | 1130-1150 |
| | အခွံပါအခြမ်း | 1020-1040 | 1025-1045 | 1030-1050 | 1030-1050 | 1030-1050 |
| ပဲတီစိမ်း (2023-24 Crop) | FAQ (အညာ) | 700-710 | 700-710 | 700-710 | 700-710 | 700-710 |
| | FAQ (ရွှေဝါ) | 760-770 | 760-770 | 760-770 | 760-770 | 760-770 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 830-840 | 830-840 | 830-840 | 830-840 | 830-840 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 790-800 | 790-800 | 790-800 | 790-800 | 790-800 |
| | ရွှေဝါအသေး (Under 3.5 mm) | 730-740 | 730-740 | 730-740 | 730-740 | 730-740 |
| ပဲတီစိမ်း (2023 -24 Crop) | FAQ ပဲနောက် | 700-710 | 700-710 | 700-710 | 700-710 | 700-710 |
| | SQ ပဲနောက် | 970-980 | 970-980 | 970-980 | 970-980 | 970-980 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 945-965 | 945-965 | 945-965 | 945-965 | 945-965 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 775-795 | 775-795 | 775-795 | 775-795 | 775-795 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 725-745 | 725-745 | 725-745 | 725-745 | 725-745 |
| ပဲစင်းငုံ(2023 -24 Crop) | အနီ | 1070-1080 | 1040-1050 | 1010-1020 | 990-1000 | 1030-1040 |
| ပဲစင်းငုံ (2023-24 Crop) | အဖြူ(စစ်ကိုင်း) | 1030-1040 | 1000-1010 | 970-980 | 950-960 | 990-1000 |
| | အခွံချွတ်အခြမ်း | 1370-1380 | 1340-10350 | 1310-1320 | 1290-1300 | 1330-1340 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 845-855 | 845-855 | 850-860 | 830-840 | 830-840 |
| | အခွံချွတ်အခြမ်း | 1095-1115 | 1095-1115 | 1100-1120 | 1080-1100 | 1080-1100 |
| ပဲလွန်းဖြူ | FAQ | 720-730 | 720-730 | 720-730 | 700-710 | 700-710 |
| | SQ | 785-795 | 785-795 | 785-795 | 775-785 | 775-785 |
| | အခွံချွတ်အခြမ်း | 850-870 | 850-870 | 850-870 | 840-860 | 840-860 |
| ပဲလွန်းနီ | FAQ | 625-635 | 625-635 | 625-635 | 625-635 | 625-635 |
| ပဲထောပတ် | FAQ | 1130-1140 | 1130-1140 | 1105-1115 | 1105-1115 | 1025-1035 |
| | အခွံချွတ်အခြမ်း | 1155-1175 | 1155-1175 | 1130-1150 | 1130-1150 | 1050-1070 |
| ပြောင်းဆန် | | 255-265 | 245-255 | 245-255 | 245-255 | 245-255 |
| နှမ်းဖြူ | | 1425-1435 | 1425-1435 | 1375-1385 | 1375-1385 | 1375-1385 |
| နှမ်းနက်(စမုန်) | | 2120-2130 | 2140-2150 | 2140-2150 | 2140-2150 | 2200-2210 |
| နှမ်းညို | | 1205-1215 | 1205-1215 | 1155-1165 | 1155-1165 | 1155-1165 |
| နှမ်းနက်(ရိုးရိုး) | | 1760-1770 | 1810-1820 | 1810-1820 | 1810-1820 | 1810-1820 |
| မြေထောက်ပဲ(အနီ)FAQ | | 940-950 | 940-950 | 940-950 | 920-930 | 920-930 |
| မြေထောက်ပဲ(အနီ)SQ | | 1080-1090 | 1080-1090 | 1060-1070 | 1025-1035 | 1025-1035 |
| မြေထောက်ပဲ(အဖြူ) | | 1080-1090 | 1080-1090 | 1060-1070 | 1025-1035 | 1025-1035 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 940-950 | 940-950 | 940-950 | 920-930 | 920-930 |
| ပဲယင်း(ဝါ) | | 520-530 | 520-530 | 540-550 | 540-550 | 570-580 |
| ပဲယင်း(နီ) | | 645-655 | 645-655 | 645-655 | 635-645 | 615-625 |
| ပဲကြီး | | 845-855 | 825-835 | 825-835 | 815-825 | 815-825 |
| ပဲကြီးအခွံချွတ်အခြမ်း | | 965-985 | 945-965 | 945-965 | 935-955 | 935-955 |
| Azuki (Small Red Bean) | | 965-975 | 965-975 | 965-975 | 945-955 | 945-955 |
| စွန်တာနီ/ပြာ | | 700-710 | 700-710 | 700-710 | 690-700 | 690-700 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၄၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 2.10.2024 to 8.10.2024 | 9.10..2024 to 15.10.2024 | 16.10.2024 to 22.10.2024 | 23.10.2024 to 29.10..2024 | 30.10.2024 to 5.11..2024 |
|---|---|---|---|---|---|---|
| 1 | Myanmar White Rice 5% Broken | 495-500 | 490-495 | 490-495 | 490-495 | 485-490 |
| 2 | Myanmar White Rice 5% Broken (Well Milled Sortexed) | 500-505 | 495-500 | 495-500 | 495-500 | 490-485 |
| 3 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 500-505 | 495-500 | 495-500 | 495-500 | 490-495 |
| 4 | Myanmar White Rice 10 % Broken | 495-500 | 490-495 | 490-495 | 490-495 | 480-485 |
| 5 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 495-500 | 490-495 | 490-495 | 490-495 | 480-485 |
| 6 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 490-495 | 485-490 | 485-490 | 485-490 | 475-480 |
| 7 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 475-485 | 470-480 | 470-480 | 470-480 | 460-470 |
| 8 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 445-455 | 440-450 | 440-450 | 440-450 | 420-430 |
| 9 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 500-505 | 495-500 | 495-500 | 495-500 | 490-495 |
| 10 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 495-500 | 490-495 | 490-495 | 490-495 | 485-490 |
| 11 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 485-495 | 480-490 | 480-490 | 480-490 | 475-480 |
| 12 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 475-485 | 470-480 | 470-480 | 470-480 | 460-470 |
| 13 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 500-505 | 495-500 | 495-500 | 495-500 | 490-495 |
| 14 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 495-500 | 490-495 | 490-495 | 490-495 | 485-490 |
| 15 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 485-495 | 480-490 | 480-490 | 480-490 | 480-485 |
| 16 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 475-485 | 470-480 | 470-480 | 470-480 | 460-470 |
| 17 | Myanmar White Rice (Thee Pu) 5% Broken (Well Milled Double Polished Sortexed) | 500-505 | 495-500 | 495-500 | 495-500 | 485-490 |
| 18 | Myanmar White Rice (Thee Pu) 10% Broken (Well Milled Double Polished Sortexed) | 495-500 | 490-495 | 490-495 | 490-495 | 480-485 |
| 19 | Myanmar White Rice (Thee Pu) 15% Broken (Well Milled Double Polished Sortexed) | 485-495 | 480-490 | 480-490 | 480-490 | 475-480 |
| 20 | Myanmar White Rice (Thee Pu) 25% Broken (Well Milled Double Polished Sortexed) | 475-485 | 470-480 | 470-480 | 470-480 | 460-465 |
| 21 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 495-500 | 490-495 | 490-495 | 490-495 | 485-490 |
| 22 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 490-495 | 485-490 | 485-490 | 485-490 | 480-485 |
| 23 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 480-490 | 475-485 | 475-485 | 475-485 | 475-480 |
| 24 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 470-480 | 465-475 | 465-475 | 465-475 | 460-465 |
| 25 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 445-455 | 440-450 | 440-450 | 440-450 | 430-435 |
| 26 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 550-560 | 545-555 | 545-555 | 545-555 | 525-530 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 495-500 | 490-495 | 490-495 | 490-495 | 485-490 |
| 28 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 490-495 | 485-490 | 485-490 | 485-490 | 480-485 |
| 29 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 480-490 | 475-485 | 475-485 | 475-485 | 475-480 |
| 30 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 470-480 | 465-475 | 465-475 | 465-475 | 460-465 |
| 31 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 630-640 | 625-635 | 625-635 | 625-635 | 625-635 |
| 32 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 620-630 | 615-625 | 615-625 | 615-625 | 615-625 |
| 33 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 630-640 | 625-635 | 625-635 | 625-635 | 625-635 |
| 34 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 620-630 | 615-625 | 615-625 | 615-625 | 615-625 |
| 35 | Myanmar Glutinous Rice 5% Broken (Well Milled) | 510-520 | 505-515 | 505-515 | 505-515 | 505-515 |
| 36 | Myanmar Glutinous Rice 10 % Broken (Well Milled) | 500-510 | 495-505 | 495-505 | 495-505 | 495-505 |
| 37 | Myanmar Glutinous Rice 15 % Broken (Well Milled) | 490-500 | 485-495 | 485-495 | 485-495 | 485-495 |
| 38 | Myanmar Glutinous Rice 25 % Broken (Well Milled) | 480-490 | 475-485 | 475-485 | 475-485 | 475-485 |
| 39 | Myanmar Glutinous Rice 10 % Broken (Reasonable Well Milled) | 475-485 | 470-480 | 470-480 | 470-480 | 470-480 |
| 40 | Myanmar Glutinous Rice 25 % Broken (Reasonable Well Milled) | 460-470 | 455-465 | 455-465 | 455-465 | 455-465 |
| 41 | Myanmar Brown Rice 10 % Broken | 420-430 | 415-425 | 415-425 | 415-425 | 415-425 |

**Source: MRF**

## ၂၀၂၄၊ အောက်တိုဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 1.10.2024 | 68.29 | 71.77 | 196.21 | 2.90 | 213.18 |
| 2 | 2.10.2024 | 70.89 | 74.55 | 198.88 | 2.90 | 220.00 |
| 3 | 3.10.2024 | 70.97 | 74.71 | 201.44 | 2.93 | 219.74 |
| 4 | 4.10.2024 | 73.70 | 77.57 | 209.37 | 2.96 | 229.79 |
| 5 | 7.10.2024 | 74.15 | 77.71 | 208.40 | 2.80 | 231.24 |
| 6 | 8.10.2024 | 75.71 | 79.47 | 211.29 | 2.74 | 235.12 |
| 7 | 9.10.2024 | 73.76 | 77.43 | 207.30 | 2.71 | 230.12 |
| 8 | 10.10.2024 | 73.86 | 77.18 | 208.05 | 2.65 | 229.56 |
| 9 | 11.10.2024 | 75.66 | 79.12 | 214.75 | 2.69 | 234.71 |
| 10 | 14.10.2024 | 74.51 | 77.97 | 212.72 | 2.59 | 231.26 |
| 11 | 15.10.2024 | 71.03 | 74.54 | 203.68 | 2.46 | 220.16 |
| 12 | 21.10.2024 | 69.58 | 73.35 | 200.50 | 2.25 | 216.14 |
| 13 | 22.10.2024 | 70.35 | 74.05 | 201.08 | 2.35 | 218.13 |
| 14 | 23.10.2024 | 72.09 | 75.87 | 207.32 | 2.31 | 223.68 |
| 15 | 24.10.2024 | 71.74 | 75.87 | 206.83 | 2.39 | 225.03 |
| 16 | 25.10.2024 | 70.33 | 74.56 | 203.15 | 2.53 | 220.86 |
| 17 | 28.10.2024 | 68.46 | 72.63 | 200.36 | 2.47 | 215.96 |
| 18 | 29.10.2024 | 67.54 | 71.57 | 196.95 | 2.26 | 213.41 |
| 19 | 30.10.2024 | 67.71 | 71.59 | 196.50 | 2.89 | 214.69 |
| 20 | 31.10.2024 | 68.95 | 72.90 | 199.57 | 2.82 | 220.22 |

Source: Bloomberg Commodities

## ၂၀၂၄၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 1.10.2024 | 2643 | 2647 |
| 2 | 2.10.2024 | 2657 | 2663 |
| 3 | 3.10.2024 | 2659 | 2665 |
| 4 | 4.10.2024 | 2663 | 2667 |
| 5 | 7.10.2024 | 2650 | 2654 |
| 6 | 8.10.2024 | 2648 | 2652 |
| 7 | 9.10.2024 | 2619 | 2625 |
| 8 | 10.10.2024 | 2618 | 2621 |
| 9 | 11.10.2024 | 2649 | 2653 |
| 10 | 14.10.2024 | 2619 | 2653 |
| 11 | 15.10.2024 | 2619 | 2653 |
| 12 | 21.10.2024 | 2734 | 2739 |
| 13 | 22.10.2024 | 2745 | 2749 |
| 14 | 23.10.2024 | 2747 | 2752 |
| 15 | 24.10.2024 | 2728 | 2732 |
| 16 | 25.10.2024 | 2731 | 2736 |
| 17 | 28.10.2024 | 2745 | 2749 |
| 18 | 29.10.2024 | 2754 | 2758 |
| 19 | 30.10.2024 | 2785 | 2794 |
| 20 | 31.10.2024 | 2787 | 2792 |

**Source: Bullionvault,**